# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၅ ခုနှစ်၊ တပေါင်းလကွယ်နေ့ | ၂၀၂၄ ခုနှစ်၊ မေ ၈ ရက်၊ တနင်္လာနေ့ | အတွဲ (၆၃)၊ အမှတ်(၁၉၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## မန္တလေးမြို့၌ လမ်းလျှောက်သင်္ကြန် စည်ကားသိုက်မြိုက်စွာကျင်းပမည်

မန္တလေး မေ ၇

၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလအတွင်း မန္တလေးမြို့ရှိ ပြည်သူများနှင့် အနယ်နယ်အရပ်ရပ်ရှိ သင်္ကြန်ချစ်သူများ မြန်မာ့ရိုးရာ ထုံးတမ်းအစဉ်အလာများတွဲဖက်၍ ပိုမိုပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက် လမ်းလျှောက်သင်္ကြန်ထည့်သွင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

**ယနေ့ ဖတ်စရာ**

**စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**

ပြည်တွင်းသတင်း | စာ ၄

**စုစည်းညီညွတ်မှု အားသာချက်နှင့် ရွေးကောက်ပွဲအောင်နိုင်ခဲ့သူ ရုရှားနိုင်ငံအတွက် Special One**

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းကြားက ရယူအပ်ရာသင်ခန်းစာများ

ဆောင်းပါး | စာ ၁၀

**ရဲတပ်ဖွဲ့က သံရုံးကို ဝင်ရောက်စီးနင်းမှုနှင့် ပတ်သက်ပြီး မက္ကဆီကိုက အီကွေဒေါနှင့် သံတမန်ဆက်ဆံရေး ဖြတ်တောက်**

နိုင်ငံတကာသတင်း | စာ ၁၃

## မဟာသင်္ကြန်ကာလအတွင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ပိတ်ရက်မရှိ ၂၄ နာရီ ဖွင့်လှစ်ထားမည်

ရန်ကုန် မေ ၇

မဟာသင်္ကြန်ကာလအတွင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ပိတ်ရက်မရှိ ၂၄ နာရီ ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

ယခင်နှစ်များနည်းတူ သင်္ကြန်ကာလအတွင်း ရောက်ရှိလာမည့်လူနာများ အရေးပေါ်အခြေအနေ တစ်စုံတစ်ရာဖြစ်ပေါ်လာပါက လူအင်အား၊ဆေးနှင့် ဆေးပစ္စည်းစုံလင်စွာဖြင့် အပြည့်အဝ ဝန်ဆောင်မှုပေးနိုင်ရန်နှင့် အဘက်ဘက်မှ လစ်ဟင်းမှု မရှိစေရေး စနစ်တကျ ကြိုတင်ပြင်ဆင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

“ကျွန်မတို့သင်္ကြန်ကာလမှာ အထူးကုဆရာဝန်တွေအပြင် ဆေးပညာအထူးကုဆရာဝန်တွေ၊ ခွဲစိတ်အထူးကုတွေ၊ အရိုးအထူးကုဆရာဝန်တွေ၊ ဒါ့အပြင် ဆရာမ၊ သူနာပြုတွေ၊ အခြေခံဝန်ထမ်းတွေကအစ အကုန်လုံး တာဝန်ကို စနစ်တကျအားဖြည့်ပြီးတော့ ဆောင်ရွက်ထားပါတယ်။ ခေတ်ခွဲ၊ ခေတ်မှန်၊ ဆရာဝန်၊ ကျွမ်းကျင်ဝန်ထမ်းတွေ၊ သွေးဘဏ်က တာဝန်ရှိသူတွေကလည်း ဒီသင်္ကြန်ကာလအတွင်းမှာ ပုံမှန်လည်ပတ်နိုင်ဖို့စီစဉ်ထားပြီး သင်္ကြန်ကာလမှာ ပုံမှန်လိုအပ်နိုင်တဲ့ ဆေးနဲ့ဆေးပစ္စည်းတွေအပြင် အရေးပေါ်အခြေအနေတစ်ခုခု ဖြစ်လာခဲ့ရင် ပိုမိုလိုအပ်လာနိုင်တဲ့ ဆေးနဲ့ဆေးပစ္စည်းတွေကိုလည်း လိုအပ်မှုမရှိစေဖို့ စနစ်တကျကြိုတင်ပြီးတော့ စုဆောင်းဆောင်ရွက်ထားပါတယ်”ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ကုသမှု ဆေးပညာဌာနမှ တာဝန်ရှိသူက ပြောသည်။

*စာမျက်နှာ ၃ ကော်လံ ၅* ❑



# ပါဠိပထမပြန်စာမေးပွဲ ပဉ္စမနေ့ ကျင်းပ

နေပြည်တော် ဧပြီ ၇

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့ (ပဉ္စမနေ့)တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၁၆ ဌာနတို့၌ စာဖြေ စာရင်းသွင်း ၃၁၄၁၅ ပါး/ဦးအနက် ၂၅၆၈၃ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၁ ဒသမ ၇၅ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

# မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ခူးလဆုတ် ၅ ရက်နေ့မှ ၈ ရက်နေ့အထိ ( ၂၀၂၄ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများမှ သတိပြုရန်အချက်များ

(၁) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများလိုက်နာရန်-

- (က) မူးယစ်သောက်စားယာဉ်မမောင်းရ။
- (ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
- (ဂ) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
- (ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
- (င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
- (စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
- (ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင် (ဗီးတက်) မပါဘဲ မမောင်းရ။
- (ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသောယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
- (ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
- (ည) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်/ ဘေးတွဲဆိုင်ကယ်များမှ စီးနင်းခြင်း လုံးဝမပြုရ။
- (ဋ) ပစ်ကပ်ယာဉ်များ (လိုက်ထရပ်/မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့် ဝန်အလေးချိန်(လူဦးရေ)ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်း မပြုရ။

(၂) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(၃) ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (Alcohol Tester)ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

(၄) သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

(၅) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် CCTV Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

(၆) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှု မဖြစ်ပါစေနှင့်"

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ခူးလဆုတ် ၅ ရက်နေ့မှ ၈ ရက်နေ့အထိ (၂၀၂၄ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ ရေကစားခြင်း၊ သင်္ကြန်ယိမ်းအကအလှ ဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်၍ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း၊ ဆူးလေဘုရားလမ်းအား အနော်ရထာလမ်းမှ ကုန်သည်လမ်းအထိလည်းကောင်း နံနက် ဝ၇ဝဝ အချိန်မှ ညနေ ၁၈ဝဝ အချိန်အထိ ခေတ္တလမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လျှောက်လွှာ တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

ပုဂ္ဂလိကပညာရေးဥပဒေကို ၁၂-၅-၂၀၂၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ရာ ပုဂ္ဂလိက ကျောင်းများအားလုံးသည် ၎င်းဥပဒေနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးရုံးများရှိ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ထံသို့ မှတ်ပုံတင်လျှောက်ထားကြရမည် ဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံတကာသင်ရိုးညွှန်းတမ်းနှင့် သင်ကြားသောကျောင်းများနှင့် အမျိုးသား သင်ရိုးညွှန်းတမ်းဖြင့်သင်ကြားသော ကျောင်းများအပါအဝင် **ပုဂ္ဂလိက အခြေခံပညာကျောင်းများ၊** ဘာသာစကားသင်ကျောင်းများအပါအဝင် **ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းများနှင့် ပုဂ္ဂလိက နည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးကျောင်းများ**သည် မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ ကိစ္စရပ်များကို **၁၂-၄-၂၀၂၄ ရက်(သောကြာနေ့) မတိုင်မီ** ဆောင်ရွက်ကြရန်နှင့် သတ်မှတ်ကာလအတွင်း မှတ်ပုံတင်လျှောက်ထားခြင်းမရှိပါက အဆိုပါပုဂ္ဂလိကကျောင်းများကို ပိတ်သိမ်းမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

**ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း ကြီးကြပ်ရေးအဖွဲ့**
**ပညာရေးဝန်ကြီးဌာန**

# တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဧပြီ ၇

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# စေတနာလုပ်အားအစွမ်းဖြင့် စာတတ်မြောက်ရေးရည်မှန်းချက် အောင်မြင်ရမည်

နိုင်ငံအတွင်း ဒေသအနှံ့အပြားတို့တွင် အကြောင်းအမျိုးမျိုးကြောင့် ငယ်စဉ်က မူလတန်းပညာကို ပြီးဆုံးအောင် မသင်ကြားခဲ့ရသူများနှင့် ကျောင်းမနေခဲ့ရသည့် စာမတတ်သူများ စာတတ်မြောက်လာကြစေရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံစာတတ်မြောက်ရေး နည်းပြသင်တန်းဖွင့်ပွဲများ၊ စာသင်ဝိုင်းဖွင့်ပွဲများဖြင့် တက်ကြွလှုပ်ရှား စည်ကားနေသည့်နွေမှာ အပူရှိန်များ မြင့်မားနေသည့်တိုင် စေတနာအလှတရားတို့ ဝေဝေဆာဆာဖြင့် လှပနေသည်။

တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် စာသင်ဝိုင်းများ ထောင်နှင့်ချီ၍ရှိသလို စာသင်သားဦးရေမှာလည်း သောင်းနှင့်ချီ၍ ရှိနေကြသည်။ စာသင်သားများကို အခြေခံအရေး၊ အဖတ်၊ အတွက်အချက် သင်ကြားပြသပေးကြမည့်သူများမှာ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ စေတနာလုပ်အားပေး ကျောင်းသား၊ ကျောင်းသူများပင်ဖြစ်သည်။ အခြေခံစာတတ်မြောက်ရေး သင်ကြားပေးရာတွင် စာသင်သားများအနက် လုံးဝစာမတတ်သူများနှင့် အနည်းအကျဉ်း ရေးတတ်၊ ဖတ်တတ်သူများဟူ၍ရှိနေရာ လုံးဝစာမတတ်သူများကို စာတတ်သွားစေရန်၊ အနည်းအကျဉ်း ရေးတတ်၊ ဖတ်တတ်သူများကို ပိုမိုတတ်မြောက်သွားစေရန်၊ ပိုမိုကျွမ်းကျင်သွားစေရန် စေတနာဆရာ၊ ဆရာမများက ပံ့ပိုးကူညီ လမ်းညွှန်သင်ကြားပြသပေးကြမည်ဖြစ်သည်။

အခြေခံစာတတ်မြောက်ရေး သင်ကြားပေးရာတွင် စာသင်သားတို့အနေဖြင့် ပျမ်းမျှတစ်ရက်လျှင် စာသင်ချိန်သုံးနာရီနှုန်းဖြင့် ရက်ပေါင်း ၄၀ အနည်းဆုံးစာသင်ချိန်နာရီ စုစုပေါင်း ၁၂၀ ကို မပြတ်မနေသင်ယူကြလျှင် မြန်မာစာအရေး၊ အဖတ်နှင့် အခြေခံသင်္ချာအတွက်အချက်တို့ တတ်မြောက်လာကြမည်ဖြစ်သည်။ အခြေခံစာတတ်မြောက်ရေးစာသင်ဝိုင်းတွင် အရေး၊ အဖတ်၊ အတွက်အချက်တို့သာမက နိုင်ငံသားကောင်းဖြစ်လာရေး၊ လူမှုဘဝမြင့်မားရေးတို့ကိုလည်း အသိပညာပေးသွားမည်ဖြစ်ရာ စာသင်သားတို့အတွက်သာမက နိုင်ငံအတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ ထူးခြားချက်မှာ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများတွင် ခေတ်နှင့်အညီ နည်းပညာအသုံးပြုမှုလည်း ပါရှိလာပြီဖြစ်ရာ စာသင်သားကိုယ်တိုင် လေ့လာသင်ယူနိုင်ရေး၊ သင်ယူတတ်မြောက်မှု လွယ်ကူလျင်မြန်ရေး၊ စဉ်ဆက်မပြတ် လေ့လာသင်ယူရေးတို့အတွက် ကြီးမားသည့်အထောက်အကူကို ရရှိစေသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့သည့် Mobile App; သည် "ဝ၊ ထ၊ က၊ လ၊ သ"အဆင့်မှ "အသုံးလုံးကျေ" အဆင့်အထိ စာသင်သားကိုယ်တိုင် လေ့လာသင်ယူနိုင်မည်ဖြစ်ရာ စေတနာ့ဝန်ထမ်း ဆရာ၊ ဆရာမများက စာသင်ဝိုင်းရှိ စာသင်သားများကို Mobile App; အသုံးပြုနည်း သင်ကြားပြသပေးခြင်းဖြင့် သင်ယူတတ်မြောက်မှု လွယ်ကူလျင်မြန်စေမည်ဖြစ်သည်။ အခြေခံစာတတ်မြောက်ရေး အရေး၊ အဖတ်၊ အတွက်အချက်များ သင်ယူတတ်မြောက်ပြီးပါက ပွဲပြီးမီးသေသွားမည်မဟုတ်ဘဲ စဉ်ဆက်ပညာရေးအစီအစဉ်ရှိနေသည်။ သင်ယူတတ်မြောက်ပြီးသည့် အရေး၊ အဖတ်၊ အတွက်အချက်တို့ မေ့လျော့ပျောက်ကွယ်မသွားစေဘဲ စာသင်သားတို့၏ လူမှုစီးပွားဘဝ မြင့်မားရေးကိုပါ အထောက်အကူပြုစေရန် စာဖတ်ရှိန်မြှင့်တင်ရေး အစီအစဉ်၊ ဝင်ငွေတိုးပွားရေးအစီအစဉ်များ၊ ဘဝသာယာရေးအစီအစဉ်များကိုပါ ဆက်လက်သင်ယူကြရမှာဖြစ်သည်။ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံတွင် အသက် ၁၅ နှစ်နှင့်အထက် စာမတတ်သူပေါင်း ၄ ဒသမ ၁ သန်းခန့်ရှိနေရာ လွန်စွာပမာဏကြီးမားလျက်ရှိသည့်အတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့်၍ စဉ်ဆက်မပြတ်ဆောင်ရွက်နေကြရဦးမည်ဖြစ်သည်။

ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းသည် စာသင်သားတစ်ဦးချင်းစီအတွက်သာမက ၎င်းတို့၏ မိသားစုများ၊ ရပ်ရွာဝန်းကျင်နှင့် နိုင်ငံတော်အတွက်ပါ ကောင်းကျိုးရလဒ်များ ဖြစ်ထွန်းစေသည့်အလျောက် ပါဝင်သင်ကြားပြသသူ စေတနာ ဆရာ၊ ဆရာမများနှင့် ပံ့ပိုးပါဝင်ကူညီသူအပေါင်းတို့၏ ကိုယ်စွမ်း၊ ဉာဏ်စွမ်း၊ လုံ့လဝီရိယနှင့် စေတနာလုပ်အားအစွမ်းတို့ဖြင့် အခြေခံစာတတ်မြောက်ရေး ရည်မှန်းချက် အောင်မြင်ရမည်မလွဲပဲဟု ဝမ်းမြောက်ဂေန် ယုံကြည်မိပါကြောင်း။ ။

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် အောင်မင်္ဂလာဆိပ်ကမ်း၌ ပြည်ပပို့ကုန် မွေးမြူရေးငါးများ သဘော်တင်နေမှုကြည့်ရှုစစ်ဆေး

**နေပြည်တော်  ဧပြီ ၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းဝန်းရှိ ကုန်သွယ်ရေးဦးစီးဌာန၏ Commerce Journal ပုံနှိပ်တိုက်သို့ ရောက်ရှိ၍ ကုန်သွယ်မှုဆိုင်ရာ စာစောင်များ၊ အသိပညာပေးစာစောင်များနှင့် ဂျာနယ်များ ပုံနှိပ်ထုတ်ဝေနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ ပြည့်စုံမှန်ကန်စွာ ထည့်သွင်းဖော်ပြနိုင်ရေး အလေးထားဆောင်ရွက်ရန်၊ စောင်ရေတိုးချဲ့ရိုက်နှိပ်ဖြန့်ဖြူးနိုင်ရေးဆောင်ရွက်ရန်နှင့် မီးဘေးအန္တရာယ် လုံခြုံရေး အထူးဂရုပြုဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

**ပြည်ပဈေးကွက်အသစ်တိုးချဲ့ရှာဖွေ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကြည့်မြင်တိုင်မြို့နယ် အောင်မင်္ဂလာဆိပ်ကမ်းတွင် မအူပင်မြို့နယ်နှင့် တွံတေးမြို့နယ်တို့မှ ပြည်တွင်းဖူလုံ၍ ဈေးနှုန်းတည်ငြိမ်မှုရှိအောင် ဆောင်ရွက်ပြီး ပိုလျှံသည့် ငါးမြစ်ချင်းနှင့် ငါးသိုင်းခေါင်းပွ မွေးမြူရေးငါးများကို ပြည်ပသို့ တင်ပို့ရန် သဘော်တင်နေမှုအခြေအနေများကို သွားရောက်စစ်ဆေးပြီး**(ယာပုံ)** ပြည်ထောင်စုဝန်ကြီးက ပို့ကုန်လုပ်ငန်းဆိုင်ရာ သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် ဌာနဆိုင်ရာ One Stop Services (OSS) အဖွဲ့မှ စနစ်တကျ စစ်ဆေးဆောင်ရွက်ရန်၊ ပို့ကုန်ငါးများကို အချိန်တိုအတွင်း သဘော်တင်နိုင်ရေး



ဆောင်ရွက်ရန်၊ ငါးအရည်အသွေးကောင်းမွန်စေရန်နှင့်အလေးချိန်မှန်ကန်စေရန် အလေးထားဆောင်ရွက်ရန်၊ ပြည်ပဈေးကွက်အသစ်တိုးချဲ့ ရှာဖွေတင်ပို့နိုင်ရန်နှင့် ပင်လယ်ရေကြောင်း ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လူထုအခြေပြု တီကျစ်စာမြေဆွေး ပြုလုပ်ခြင်းလုပ်ငန်းများ ထွန်းကားလာစေရန် သုတေသီပညာရှင်များနှင့် တောင်သူများအကြား ဆွေးနွေး

**နေပြည်တော်  ဧပြီ ၇**

စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ အပတ်စဉ် စနေနေ့တိုင်း ကျင်းပလျက်ရှိသော (၃၁) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက လူထုအခြေပြု တီကျစ်စာမြေဆွေးပြုလုပ်ခြင်း လုပ်ငန်းများ ထွန်းကားလာစေရန် စိုက်ပျိုးရေးသုတေသီ ပညာရှင်များနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက် ခေါင်းစဉ်ဖြင့် ကျင်းပသည်။



**တစ်ပိုင်တစ်နိုင်လုပ်ဆောင်**

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ယနေ့ ဆွေးနွေးသည့် တီကျစ်စာမြေဆွေးထုတ်လုပ်ခြင်းလုပ်ငန်းကို အထူးစီမံချက်အသွင်ဖြင့် ဆီထွက်သီးနှံဖန်များမှစတင်၍ သေသေချာချာ အကောင်အထည်ဖော်လုပ်ဆောင်ကြရန်လိုကြောင်း၊ တက်ရောက်လာကြသော တောင်သူများအနေဖြင့်လည်း ကိုယ်စီကိုယ်စီ တစ်ပိုင်တစ်နိုင်လုပ်ဆောင်ကြရန် လိုအပ်သကဲ့သို့ တောင်သူများအားလုံး အတူ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ကြလျှင် ပိုမိုအောင်မြင်မည်ဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်သည့် လူထုအခြေပြုတီကျစ်စာမြေဆွေး ပြုလုပ်ခြင်းလုပ်ငန်းများနှင့်ပတ်သက်ပြီး တောင်သူများအကြား ထွန်းကားလာစေရန် ရည်ရွယ်ဆွေးနွေးကြခြင်း ဖြစ်ကြောင်း ပြောကြားသည်။

မြေဆီလွှာ ကျန်းမာရေးအတွက် လူထုအခြေပြု တီကျစ်စာမြေဆွေးပြုလုပ်ခြင်း လုပ်ငန်းများ တောင်သူများအကြား ပြန့်ပွားစေရန်ရည်ရွယ်၍ စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ပူးပေါင်း၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း စံပြကျေးရွာများကို စတင် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားရန် ဖြစ်ကြောင်း၊ တီကျစ်စာ မြေဆွေး ပြုလုပ်ခြင်း လုပ်ငန်းများ ထွန်းကားလာစေရန် လူထုအခြေပြု စံပြကျေးရွာများအဖြစ် ရည်ရွယ်လုပ်ဆောင်ခြင်း ဖြစ်ကြောင်း သိရသည်။

**အထူးဂရုပြုမိကြရန်လိုအပ်**

တီကျစ်စာမြေဆွေး ပြုလုပ်ခြင်းနည်းပညာသည် မြန်မာနိုင်ငံသို့ ၁၉၈၀ ပြည့်နှစ်တွင် စတင်ရောက်ရှိခဲ့သော်လည်း တောင်သူများအကြား ယနေ့အထိ ကျယ်ကျယ်ပြန့်ပြန့် လိုက်နာကျင့်သုံးခြင်း မရှိသေးဘဲ ယခုအခါ သီးထွက်စွမ်းရည်တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း တိုးတက်ရေးအတွက် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကိုသာ အားပြုရုံမက မြေဆီလွှာ၏ စွမ်းအားတိုးတက်ကျန်းမာရေးကိုပါ တောင်သူလယ်သမားများ အထူးဂရုပြုမိကြရန် လိုအပ်လျက်ရှိသည်။

ယနေ့ တောင်သူနည်းပညာဆွေးနွေးပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ စိုက်ပျိုးရေး သုတေသီပညာရှင်များ၊ ဇေယျာသီရိမြို့နယ်နှင့် ဗုဒ္ဓသီရိမြို့နယ်များမှ တောင်သူများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့မှ စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းများ တက်ရောက်ခဲ့ပြီး သီးထပ်စွမ်းရည်တိုးတက်ရေးနှင့် ပတ်သက်၍ ရေရရှိရေးကဏ္ဍများကို တောင်သူလယ်သမားများက ပြန်လည်ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီးက တောင်သူများ အလုပ်အကိုင်အဆင်ပြေစေရေး လုပ်ငန်းစဉ်ကိစ္စရပ်များနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

သင်္ကြန်အကြိုနေ့ဖြစ်သည့် ဧပြီ ၁၃ ရက်မှစတင်၍ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေး မြန်မာ့ရိုးရာလမ်းလျှောက်အတာသင်္ကြန်နှင့် ကျုံးတောင်ဘက်ခြမ်းရှိ လမ်းလျှောက်သင်္ကြန်တို့၌ ဖျော်ဖြေရေးအစီအစဉ်များ၊ စတုဒိသာမဏ္ဍပ်များနှင့် အခြားအပန်းဖြေအနားယူနိုင်မည့် အစီအစဉ်ကောင်းများလည်း ပါဝင်မည်ဖြစ်သည်။

မင်္ဂလာမန္တလေးမြန်မာ့ရိုးရာလမ်းလျှောက်အတာသင်္ကြန်တွင် ပြည်သူများ စိတ်အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန်အတွက် Flower Street ဇုန်၊ Wood Street ဇုန်နှင့် Water Street ဇုန်ဟူ၍ ဇုန်များ ခွဲခြားထားပြီး ဇုန်အလိုက် အလှဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း Mandalay Management Corporation Co.,Ltd မှ Deputy Managing Director ဦးစိုးနိုင်ဦးက ပြောသည်။

"လမ်းလျှောက်သင်္ကြန်မှာအမည်ပေးထားတဲ့ ဇုန်တွေရဲ့နာမည်တွေကတော့ ကျွန်တော်တို့ မင်္ဂလာမန္တလေးရဲ့ လမ်းနာမည်လေးတွေဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လှပနေတဲ့ ပန်းပွင့်လေးတွေရှိတဲ့အတွက် Flower Street ဇုန်ဆိုပြီး နာမည်ပေးထားတာပါ။ နောက်ပြီး ကျွန်တော်တို့ နိုင်ငံရဲ့ သယံဇာတဖြစ်တဲ့ ကျွန်းသစ်ကို အထိမ်းအမှတ် တစ်ခုအနေနဲ့ လမ်းလျှောက်သင်္ကြန်မှာ Wood Street ဇုန်ဆိုပြီး ထည့်သွင်းထားတာပါ။ ပြည်သူလူထုတွေ အေးချမ်းသာယာစေချင်တဲ့ဆန္ဒကြောင့် Water Street ဇုန်ဆိုပြီး ဆောင်ရွက်ထားခြင်း ဖြစ်ပါတယ်။ ဖျော်ဖြေရေးစတိတ်စင်ကိုလည်း ခမ်းခမ်းနားနားနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

လမ်းလျှောက်သင်္ကြန် ကျင်းပရခြင်းရည်ရွယ်ချက်အနေဖြင့် ပြည်သူလူထုအား အပန်းဖြေစေခြင်းနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် မဟာသင်္ကြန်ကိုရိုးရာမပျက်ထိန်းသိမ်း၍ ပျော်ပျော်ရွှင်ရွှင်ဖြင့် ဆင်နွှဲလိုခြင်းဖြစ်ပြီး ယမန်နှစ်လမ်းလျှောက်သင်္ကြန်ကာလအတွင်း၌လည်း ပြည်သူလူထု အထူးစည်ကားစွာဖြင့် ပါဝင်ဆင်နွှဲခဲ့ကာ ယခုနှစ်တွင်လည်း ပြည်သူများ ပိုမိုပျော်ရွှင်စွာဖြင့် ဆင်နွှဲနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

လမ်းလျှောက်သင်္ကြန်ပွဲတော် ကာလအတွင်း နိုင်ငံကျော်အနုပညာရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များ၊ ယိမ်းအကအဖွဲ့များ၏ အကအလှဖျော်ဖြေမှုများ ၊ DJ အစီအစဉ်များ၊ စတုဒိသာကျွေးမွေးမှု အစီအစဉ်များ ပါဝင်မည်ဖြစ်ကာ လာရောက်လည်ပတ်သည့် ပြည်သူများ အနားယူအပန်းဖြေနိုင်ရန်အတွက်လည်း စားသောက်ဆိုင်ခန်းများကို ထည့်သွင်းတည်ဆောက်ထားသည့်အတွက် မဟာသင်္ကြန်ကာလအတွင်း ပြည်သူများ စိတ်လက်ပေါ့ပါးပျော်ရွှင်စွာဖြင့် မင်္ဂလာမန္တလေးလမ်းလျှောက်သင်္ကြန်၌ ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

အလားတူ ယခုနှစ် မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်ကို ကျုံးပတ်လည်၊ မြို့တွင်းနှင့် ကမ်းနားလမ်းတို့တွင် လမ်းလျှောက်သင်္ကြန်အပါအဝင် ဖျော်ဖြေရေးမဏ္ဍပ်ကြီး ၁၈ ခု၊ ရေကစားမဏ္ဍပ် ၁၄ ခု စုစုပေါင်း မဏ္ဍပ် ၃၀ ကျော်နှင့်အတူ စတုဒိသာကျွေးမွေးမှုများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**

❑ *ရှေ့ဖုံးမှ*

အဆိုပါ သင်္ကြန်ရက်များအတွင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာမည့်လူနာများအား ကုသမှုလစ်ဟင်းမှု မရှိစေရန် သတ်မှတ်ဇုန်များထားရှိပြီး ချက်ချင်းအသက်အန္တရာယ်ရှိသည့် လူနာများအား အနီရောင်ဇုန်၊ အခြေအနေစောင့်ကြည့်ပြီး ဆက်ကုသရန်လိုအပ်သည့် လူနာများအား အဝါရောင်ဇုန်နှင့် ထိခိုက်ဒဏ်ရာရရှိမှု နည်းပါးသည့် လူနာများအား အစိမ်းရောင်ဇုန်စသည်ဖြင့် ဇုန်များ ခွဲခြားသတ်မှတ်ကုသပေးသွားမည်ဖြစ်သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် နှလုံး၊ သွေးတိုး၊ ဆီးချို၊ ကျောက်ကပ်၊ သတိလစ် ခွဲစိတ်ရန် လိုအပ်သည့် အရေးပေါ်လူနာများကိုလည်း ပုံမှန်ကုသပေးလျက်ရှိရာ သင်္ကြန်ကာလတွင် နေရာလိုအပ်မှုများ ရှိလာနိုင်သည့်အတွက် ဆေးရုံအုပ်ချုပ်မှုတာဝန်ရှိသူများနှင့် ပူးပေါင်းကာ နေရာများ စီစဉ်ထားရှိကြောင်း သိရသည်။

**အာကာလင်း**

# တိမ်အနည်းငယ် ဖြစ်ထွန်းနေ

**နေပြည်တော်  ဧပြီ ၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့နှင့် မချမ်းဘောမြို့တို့တွင် ဝ ဒသမ ၁၆ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိပြီး ပုဂ္ဂလိကကဏ္ဍမှလည်း အားဖြည့်ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်တွင်း၌ လက်လှမ်းမီရရှိနိုင်မည်

**နေပြည်တော် မေ ၇**

ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းသည် ဗဟိုအဖွဲ့ အတွင်းရေးမှူး ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီတို့မှ ဥက္ကဋ္ဌများနှင့်အတူ ယနေ့နံနက်ပိုင်းက ဆေးသုတေသနဦးစီးဌာန အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းဥက္ကဋ္ဌ ဒေါက်တာထင်ပေါ်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အထက်မြန်မာပြည် အလုပ်အမှုဆောင်များ၊ အောက်မြန်မာပြည် အလုပ်အမှုဆောင်များနှင့် တွေ့ဆုံသည်။**(အပေါ်ယာပုံ)**



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်နေသကဲ့သို့ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ ဥပဒေနှင့်အညီ စနစ်တကျ တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် ထိန်းကျောင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိပြီး ပုဂ္ဂလိကကဏ္ဍမှလည်း အားဖြည့်ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်တွင်း၌ လက်လှမ်းမီရရှိနိုင်မည်ဖြစ်ပါကြောင်း၊ အမျိုးသားကျန်းမာရေး အာမခံစနစ်ပေါ်ပေါက်စေရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဆောင်ရွက်နေဆဲကာလ၌ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများအနေဖြင့် နည်းမှန်လမ်းမှန်ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ပါကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးကဏ္ဍသည် နိုင်ငံတော်၏ အမျိုးသားကျန်းမာရေးစနစ်တွင် အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်နေခြင်းဖြစ်သဖြင့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ တူညီသောဦးတည်ချက်တစ်ခုဖြင့် အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပုဂ္ဂလိကဆေးရုံများတွင် ကျောက်ကပ်အစားထိုးကုသခြင်း လုပ်ငန်းများ၊ ကျောက်ကပ်သွေးသန့်စင်ခြင်းလုပ်ငန်းများ၊ ကင်ဆာခတ်ရောင်ခြည်ကုသမှု လုပ်ငန်းများကို ဥပဒေနှင့်အညီ စိစစ်ကြီးကြပ် အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း ကင်ဆာခတ်ရောင်ခြည်ကုသမှု စောင့်ဆိုင်းလူနာ လျော့နည်းစေရေးကို အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အနေဖြင့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း လိုင်စင်ခွင့်ပြုရန်အတွက် စိစစ်ရာတွင် အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှု၊ လူနာများ ဘေးကင်းလုံခြုံမှု၊ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ဘေးကင်းလုံခြုံမှု၊ အခြားဘေးအန္တရာယ် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ စီစဉ်ထားရှိမှု၊ ဝန်ထမ်းရေးရာကိစ္စရပ်များကို ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေ / နည်းဥပဒေများနှင့်အညီ ပြည့်စုံစွာ ဆောင်ရွက်ထားရှိခြင်း ရှိ/မရှိတို့ကို အထူးအလေးထား စိစစ်လျက်ရှိပြီး သတ်မှတ်ချက်နှင့် ကိုက်ညီပါက အချိန်နှင့်တစ်ပြေးညီ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း လိုင်စင်ရရှိသူများအနေဖြင့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ထို့နောက် မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းဥက္ကဋ္ဌ ဒေါက်တာထင်ပေါ်နှင့် မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းအဖွဲ့ဝင်များက ပြည်ပနိုင်ငံများသို့ ပေးပို့စစ်ဆေးနေရသည့် ရောဂါရှာဖွေစစ်ဆေးမှုများနှင့် သွားရောက်ဆေးကုသမှုများ လျှော့ချနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ဆေးကုသမှုလိုင်စင်ကိစ္စရပ်များနှင့် ဆေးရုံလိုင်စင် လျှောက်ထားမှုဆိုင်ရာကိစ္စရပ်များ၊ ပုဂ္ဂလိကဆေးရုံများတွင် ဆေးဝါးများပြတ်လပ်မှု မရှိစေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ပုဂ္ဂလိကကျန်းမာရေး၊ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို တင်ပြဆွေးနွေးရာ မေးမြန်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး၊ သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်များနှင့် ကောင်စီဥက္ကဋ္ဌများက ပြန်လည်ဆွေးနွေး ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဆေးရုံလုပ်ငန်းဆောင်ရွက်မှုများ အဆင်ပြေချောမွေ့စေရန် လုပ်ငန်းညွှန်ကြားချက်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်း ဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၅၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မေ ၇**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မေ ၈ ရက်မှ မေ ၁၂ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်း ဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ် ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေချွေတာရေး နည်းလမ်းများ

❄ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။

ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

❄ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။

ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။

❄ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။

❄ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။

❄ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိ ငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာခတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန် ညသည်အောက်ဆီဂျင်လျော့နည်းမှု ဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်း၊ မွေးမြူကန်အတွင်းလှေလှော်ပေးခြင်း၊ စသည့်နည်းလမ်းများအား ရေတွင်ပျော်ဝင် အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဖော်ဖတ်၊ ဝါစေ့ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

နိုင်ငံတော်အစိုးရက ပြည်သူများ အသိပညာ ဗဟုသုတတိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန် နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် ရန်ပုံငွေနှင့် စာအုပ်စာစောင်များ ထောက်ပံ့ကူညီပေးလျက်ရှိသကဲ့သို့ စေတနာရှင် အလှူရှင်များကလည်း ပြည်သူများ အလွယ်တကူ စာပေလေ့လာဖတ်ရှုနိုင်စေရေးနှင့်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလှူငွေနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလျက်ရှိပါသည်။

နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ စုပေါင်းပေးအပ်လှူဒါန်းပွဲကို မေလ ၁၀ ရက် နံနက် ၁၀ နာရီတွင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်စေရေးအတွက် "ပညာဒါန" အလှူအဖြစ် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည် -

❖ ညွှန်ကြားရေးမှူး (ထုတ်လုပ်)
ပြန်/ဆက် ဦးစီးဌာန
ဖုန်း ၀၁ ၃၇၁၃၄၂ / ၀၉၇၃၄၁၂၃၇၁ / ၀၉၄၂၁၀၄၆၇၁၅

❖ ညွှန်ကြားရေးမှူး (ပြန်ဆက်)
ပြန်/ဆက် ဦးစီးဌာန
ဖုန်း ၀၉၇၃၄၁၂၀၆၄

❖ တိုင်းဒေသကြီး / ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြန်/ဆက်ဦးစီးဌာနရုံးများ

ပြန်ကြားရေးဝန်ကြီးဌာန

# နေပြည်တော်ကောင်စီနယ်မြေတွင် ယခုနှစ် နွေနှမ်း ဧက ၈၀၀၀ ကျော် စိုက်ပျိုးရန် လျာထား

**နေပြည်တော် မေ ၇**

နေပြည်တော်လယ်ဝေးမြို့နယ်ချောင်းမငယ်ဆည်ရေသောက်စနစ်ရှိ သစ်ဆိမ့်ပင်ကျေးရွာတွင် ဖော်ထုတ်ပြီးစီးသည့် စနစ်ကျလယ်ယာမြေ ၃၃၈ ဒသမ ၂၆ ဧက ၌ နွေနှမ်း စိုက်ပျိုးကြမည့် တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ယနေ့နံနက်ပိုင်းက ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် နွေနှမ်းစိုက်ပျိုးကြမည့် တောင်သူများ တက်ရောက်ကြသည်။



တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ တောင်သူ ၁၁၀ ၏ လယ်ယာမြေ ၃၃၈ ဧကကျော်ကို မြေပြင်ခြင်း၊ ကန်သင်းဖော်ခြင်း၊ ရေသွင်းရေထုတ်မြောင်း၊ ရေပေးအဆောက်အအုံနှင့် ကုန်ထုတ်လမ်းများပါဝင်သည့် စနစ်ကျလယ်ယာမြေအဖြစ် ဖော်ထုတ်ပေးနိုင်ရန် နိုင်ငံတော်က ဘဏ္ဍာငွေအမြောက်အမြား အသုံးပြုဆောင်ရွက်ပေးခြင်းသည် တစ်ကေချင်း၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး၊ တောင်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေးကို ရည်ရွယ်ဆောင်ရွက်ပေးခြင်းဖြစ်၍ တောင်သူများအနေဖြင့် သီးထပ်စွမ်းအားတိုးတက်ရေး၊ သီးနှံအထွက်နှုန်းမြင့်မားရေး ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းလိုကြောင်း၊ စနစ်ကျလယ်ယာမြေဖော်ထုတ်ပေးပြီး ပထမဆုံးအဖြစ် နွေနှမ်းစတင်စိုက်ပျိုးကြမည်ဖြစ်၍ တောင်သူများ၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးနိုင်ကြစေရန်နှင့် နည်းပညာအပါအဝင် လိုအပ်ချက်များကို မိမိတို့ဝန်ကြီးဌာနက အနီးကပ်ကူညီပေးနိုင်ရန် ယခုတွေ့ဆုံပွဲကို ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် စနစ်ကျလယ်ယာမြေ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ တာဝန်ရှိသူက ရှင်းလင်းတင်ပြပြီး ဦးစီးဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များက စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးနေမှု၊ သီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ရေးအတွက် ရေစီမံခန့်ခွဲမှုလုပ်ငန်း၏ အရေးပါမှု၊ နှမ်းသီးနှံ စိုက်ပျိုးခြင်း လုပ်ငန်းအဆင့်ဆင့်၏ နည်းပညာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ နွေနှမ်းစိုက်ပျိုးရန် စိုက်ခင်းမြေပြင်ခြင်း၊ မျိုးစေ့ချခြင်းနှင့် အပင်သက်တမ်းအလိုက် ဂရုပြုရမည့်အချက်များ၊ စနစ်ကျလယ်ယာမြေ၏ မြေကြီးမြေပုံမှန်ကန်ရေးနှင့် ပုံစံ(၇)အသစ် ထုတ်ပေးနိုင်ရေး လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြားပြီး တွေ့ဆုံပွဲတက်ရောက်လာကြသူများနှင့်အတူ နွေနှမ်းစိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စနစ်ကျ လယ်ယာမြေ ၃၃၈ ဒသမ ၂၆ ဧက ဖော်ထုတ်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နေပြည်တော်ကောင်စီနယ်မြေတွင် ၂၀၂၂-၂၀၂၃ ခုနှစ်၌ နွေနှမ်းဧက ၂၇၀၀ ကျော် စိုက်ပျိုးခဲ့ပြီး ယခု ၂၀၂၃-၂၀၂၄ ခုနှစ်တွင် နွေနှမ်း ဧက ၈၀၀၀ ကျော် စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ သီးနှံအထွက် တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ နည်းပညာနှင့် လိုအပ်ချက်များ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပုဗ္ဗသီရိဈေးအနီးတွင် ကိုရီးယားသမ္မတနိုင်ငံ၏ ပံ့ပိုးကူညီမှုဖြင့် တည်ဆောက်ထားသည့် စိုက်ပျိုးရေးထွက်ကုန်ဆိုင်ရာ ဈေးကွက်ဗဟိုဌာနကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်း၏ ရည်ရွယ်ချက်ကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး စိုက်ပျိုးရေးထွက်ကုန်ဆိုင်ရာ ဈေးကွက်ဗဟိုဌာနနှင့် အအေးခန်းစက်ရုံများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါစီမံကိန်းအား စိုက်ပျိုးရေး ထွက်ကုန်များ စုဆောင်းသိုလှောင်ခြင်း၊ ပြုပြင်ထုပ်ပိုးခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း လုပ်ငန်းများကို တစ်နေရာတည်းတွင် ဆောင်ရွက်နိုင်စေရန်၊ စိုက်ပျိုးရေးထွက်ကုန်ဆိုင်ရာ သတင်းအချက်အလက်ဖလှယ်မှု ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်တို့အတွက် ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ၅ နှစ် စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် တည်ဆောက်ရေးအပိုင်း၌ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သော်လည်း တပ်ဆင်အသုံးပြုရမည့် ပစ္စည်းကိရိယာနှင့် ပတ်သက်သည့်လုပ်ငန်းများ၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာနများ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရန် ကျန်ရှိနေသေးကြောင်း၊ ၂၀၂၄ ခုနှစ်အတွင်း လုပ်ငန်းစဉ် အားလုံးပြီးစီးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သဲဖြူတောရဓမ္မရိပ်သာနှင့် မဟာမြိုင်တောရဓမ္မရိပ်သာ ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တ ပညာဇောတ ဦးစီးပဓာနပြု၍ ရှင်သာမဏေ အပါး ၅၀၀၀ ရှင်ပြုခြင်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၇

သဲဖြူတောရဓမ္မရိပ်သာနှင့် မဟာမြိုင်တောရဓမ္မရိပ်သာ ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တ ပညာဇောတ ဦးစီးပဓာနပြု၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တပည့်သာဝက အပေါင်းတို့ စုပေါင်း၍ ရှင်သာမဏေ အပါး ၅၀၀၀ ရှင်ပြုခြင်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း အလှူတော်မင်္ဂလာအခမ်းအနားကို ဧပြီ ၆ ရက်နှင့် ယနေ့တို့တွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ ဗိဿနိုး ပျူမြို့တော်ဟောင်းအတွင်းရှိ ရွှေရောင်တော်ဘုရားအနီးဇဟိုမဏ္ဍပ်၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်၊ စလင်းမြို့ လက်ပံပင်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ပဏ္ဍိတ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ ရှင်သာမဏေ လောင်းများနှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



**သပိတ်၊ သင်္ကန်းနှင့် တူညီဝတ်စုံများ ထောက်ပံ့**

ဦးစွာ သဲဖြူတောရဓမ္မရိပ်သာနှင့် မဟာမြိုင်တောရဓမ္မရိပ်သာ ဆရာတော်ကြီး၏ အစီအစဉ်ဖြင့် ရှင်သာမဏေလောင်း ၅၆၀၂ ဦးအား သပိတ်၊ သင်္ကန်းနှင့် တူညီဝတ်စုံများ ထောက်ပံ့ပေးသည်။ ထို့နောက် ရှင်သာမဏေလောင်းများက ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တ ပညာဇောတ ထံမှ သင်္ကန်းတောင်း၍ ဆယ်ပါးသီလ ခံယူဆောက်တည်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တ ပညာဇောတ အမှူးပြုသော သံဃာတော်များနှင့် ရှင်သာမဏေများကို ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ပရိတ်တရားတော်များ နာယူကြည်ညို**

ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာသူများက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တကုမာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွား ချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

**လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေ**

ယင်းနောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက ပေးပို့လှူဒါန်းသော လှူဒါန်းငွေများ၊ စေတနာရှင် အလှူရှင်များမှ လှူဒါန်းငွေများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာသူများက ကြွရောက်လာသော ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်၊ စလင်းမြို့ လက်ပံပင်စာသင်တိုက်၊ ပဓာနနာယက ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတထံမှ သာဓု အနုမောဒနာ တရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှ ပေးဝေကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာသူများက ကြွရောက်လာသော ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း) ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေဆိုင်ရာ အသိပညာပေးဆွေးနွေး

ပြည် ဧပြီ ၇

ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဧပြီ ၅ ရက်က ပြည်မြို့ ခရိုင်စားသုံးသူရေးရာဦးစီးဌာနရုံး၌ ကျင်းပသည်။ **(ယာပုံ)**



ဆွေးနွေးပွဲတွင်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက မြန်မာနိုင်ငံသည် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံမျိုးစုံ ထွက်ရှိသည့်အတွက် နိုင်ငံခြားမှ တင်သွင်းသည့် စားအုန်းဆီ တင်သွင်းမှုလျှော့ချပြီး စိုက်ပျိုးရေးကို အခြေခံသည့် မြေပဲဆီ၊ နှမ်းဆီအပါအဝင် စားသုံးဆီများ လုံလောက်အောင် ထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း၊ ဆီစက်ချေးငွေနှင့်ပတ်သက်၍ ကန့်သတ်ချက်များအား ဖြေလျှော့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကစက်မှုမှတ်ပုံတင်ထားသော ဆီစက်ပေါင်း ၂၄၃ ခုရှိပါကြောင်း၊ ဆီစက်ချေးငွေ အဆိုပြုလွှာများကို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ရာတွင် ဆီစက်အသစ် တည်ဆောက်တပ်ဆင်မည့် လုပ်ငန်းရှင်များအတွက် စိစစ်ဆောင်ရွက်ရမည့်အချက် (၃) ချက်နှင့် လက်ရှိ ဆီစက်အဆင့်မြှင့်တင် ဆောင်ရွက်လိုခြင်းနှင့် လုပ်ငန်းသုံးလည်ပတ်ငွေ ရယူလိုသူ လုပ်ငန်းရှင်များအတွက် စိစစ်ဆောင်ရွက်ရမည့် အချက် (၅) ချက်တို့အား ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ မြန်မာ့စီးပွားရေးဘဏ် ပြည်ခရိုင်မန်နေဂျာက ဆီစက်ချေးငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်၊ လျှောက်ထားရယူနိုင်သူများ၊ ချေးငွေအသုံးပြုနိုင်မည့် အစီအစဉ်၊ အများဆုံးထုတ်ချေးနိုင်သည့် ချေးငွေပမာဏ၊ ချေးငွေအတိုးနှုန်း၊ ချေးငွေသက်တမ်းနှင့် ချေးငွေပြန်လည်ပေးဆပ်ရမည့် အစီအစဉ်၊ ချေးငွေအတွက်ဘဏ်မှ လက်ခံနိုင်သော အာမခံအမျိုးအစား၊ ချေးငွေမူဝါဒနှင့် ကိုက်ညီပါက ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များအကြောင်းတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အဆိုပါဆွေးနွေးချက်များအပေါ် တက်ရောက်လာသော ဆီစက်လုပ်ငန်းရှင်များက သိရှိလိုသည်များကို ဆွေးနွေးကြရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးက ဆီစက်ချေးငွေနှင့်ပတ်သက်၍ ဖြစ်ပေါ်နေသော အခက်အခဲများအား မြန်ဆန်စွာ ဖြေလျှော့ပေးနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့မှ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဆီစက်ပိုင်ရှင်များအသင်း၊ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့မှ လုပ်ငန်းရှင်များ တက်ရောက်ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# ကြံခင်းမြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

**ကြံခင်း ဧပြီ ၇**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၌ ပန်းခင်းစီမံချက် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ယနေ့နံနက်ပိုင်းက ကြံခင်းမြို့နယ် ကြံတောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**



အဆိုပါ ပန်းခင်းစီမံချက်(၃) ကွင်းဆင်း ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်း ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်ရုံးရှိ ဝန်ထမ်းများက ကြံတောကျေးရွာအုပ်စုနေ ပြည်သူများတွင် (နိုင်) မရှိသူများ တစ်ဦးချင်းအလိုက် အကွက်အပေါက်များ စိစစ်ခြင်း၊ မြေပြင်ကွင်းဆင်းကောက်ယူခြင်းမှ အလွတ်အထစများ စိစစ်၍ လုပ်ထုံးလုပ်နည်းများနှင့် အညီ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် မရှိသူများအား ပြုလုပ်ပေးပြီး နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်ခြင်းဖြင့်ရရှိလာမည့်အကျိုးကျေးဇူးများအကြောင်း အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သာယာဝတီမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်း၊ တစ်ဧက အစိုတင်း ၁၃၂ တင်းထွက်ရှိ

**သာယာဝတီ ဧပြီ ၇**

သာယာဝတီမြို့နယ် သင်တောရိုးအုပ်စု သင်တောရိုးကျေးရွာ ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ် (၈၂/၃) ရှိတောင်သူဦးထွန်းထွန်းဝင်း၏ နွေစပါး စိုက်ခင်း စံကွက်ရိတ်သိမ်းခြင်းကို ယမန်နေ့က ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခဲ့သည်။

နွေစပါး စံကွက်ရိတ်သိမ်းရာနေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဟိုနှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများနှင့် တောင်သူများ ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

အဆိုပါ နွေစပါးစိုက်ခင်းတွင် စပါးတစ်ဧက အထွက်နှုန်း အစိုတင်း ၁၃၂ တင်း ထွက်ရှိကြောင်း သိရသည်။

သာယာဝတီမြို့နယ်တွင် ယခုနှစ် နွေစပါး ၄၄၉၈၆ ဧကရှိခဲ့ရာ လျာထားဧကထက် ကျော်လွန်၍ စိုက်ဧက ၄၅၃၄၅ ဧကကို စိုက်ပျိုးခဲ့ပြီး ရတနာတိုးစပါး၊ မှော်ဘီ-၃၊ ရက် (၉၀) စပါး၊ GW-11 စပါးမျိုးနှင့် ထိုင်းနံ့ကောက်စပါးမျိုးများ အများဆုံးစိုက်ပျိုးထားရှိကြောင်းနှင့် စပါးအထွက်နှုန်းကောင်းစေရန် အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနမှ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ စိုက်ပျိုးရေးနည်းပညာများ ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။



**ခရိုင် (ပြန်/ဆက်)**

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင် ပေါမူ - ထီးသိမ် - တောင်ကြီး ရထားလမ်းပိုင်းနှင့် တောင်ကြီး - နောင်ကားလမ်းခွဲ - ပင်းပက် ရထားလမ်းပိုင်း ထိန်းသိမ်းမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**တောင်ကြီး မေ ၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ၂၀၂၄ ခုနှစ် မေ ၄ ရက်မှ ၇ ရက်အထိ မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများ၊ တိုင်းအမှတ်(၄) မှ တိုင်းတာဝန်ခံအရာရှိများနှင့်အတူ အဆင့်မြှင့်တင်ပြုပြင်ထားသည့် ရွှေညောင်–အေးသာယာ – ပေါမူ – တောင်ကြီး ရထားလမ်းပိုင်းရှိ ပေါမူ – ထီးသိမ် – တောင်ကြီး ရထားလမ်းထိန်းသိမ်းမှုအခြေအနေ၊ တောင်ကြီး– နောင်ကားလမ်းခွဲ – ပင်းပက် ရထားလမ်းပိုင်းရှိ တံတားနှင့် တာပေါင်များ ထိန်းသိမ်းမှုအခြေအနေနှင့် ဘူတာများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



အဆိုပါ ခရီးစဉ်အတွင်း ဒုတိယဝန်ကြီးသည် အဆင့်မြှင့်တင် ပြုပြင်ထားသည့် ရွှေညောင် – တောင်ကြီး ရထားလမ်းပိုင်းရှိ ပေါမူ – ထီးသိမ် – တောင်ကြီးအပိုင်းအား စစ်ဆေးပြီး အဆိုပါ ရထားလမ်းပိုင်းတွင် ကျောက်ဖြည့်တင်း၍ ကျောက်ပက်ကင်ရိုက်ခြင်းများ စနစ်တကျဆောင်ရွက်ရန်၊ ထီးသိမ်အဝိုင်းပတ်နေရာတွင် စိုက်ပျိုးထားသည့် သစ်ပင်များနှင့် အဝိုင်းပတ်တာပေါင်တွင် မြေထိန်းနိုင်ရန် စိုက်ပျိုးထားသည့် မြက်ပင်များကို ရှင်သန်စေရေး ဂရုစိုက်သွားရန်၊ ထီးသိမ်အဝိုင်းပတ် တံတားကို ပုံမှန်စစ်ဆေးခြင်းများ ဆောင်ရွက်သွားရန်၊ ကွေ့ဒီဂရီ၊ Alignment နှင့် Super Elevations များ မှန်ကန်မှုရှိစေရေး ပုံမှန်စစ်ဆေးပြုပြင်ခြင်းများ ဆောင်ရွက်ရန်၊ ရထားလမ်းဘေးရေမြောင်းများ စနစ်တကျဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တောင်ကြီး– နောင်ကားလမ်းခွဲ – ပင်းပက် ရထားလမ်းပိုင်းရှိ တံတားနှင့် တာပေါင်များ ထိန်းသိမ်းမှုအခြေအနေကို စစ်ဆေးပြီး ကျောက်ဖြည့်တင်းရန် လိုအပ်သည့်နေရာများတွင် ကျောက်ထပ်မံဖြည့်သွင်း၍ ပက်ကင်ရိုက်ခြင်းများ စနစ်တကျ ဆောင်ရွက်ရန်၊ လမ်းပိုင်းအတွင်းရှိ တံတားနှင့် Box Culvert များ ရေရှည်ခိုင်ခံ့မှုရှိစေရေး စနစ်တကျစစ်ဆေး၍ ထိန်းသိမ်းဆောင်ရွက်ရန်၊ ရေမြောင်းများ (Side Drains) စနစ်တကျ ဆောင်ရွက်သွားရန်နှင့် ရထားလမ်းတာပေါင် ရေတိုက်စားမှုနည်းစေရန်အတွက် မြက်ကပ်စိုက်ပျိုးထားမှုကို ရှင်သန်အောင် ဂရုစိုက်ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ဝန်ကြီးဌာနအောက်ရှိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန၊ ရှမ်းပြည်နယ် (တောင်ကြီး)ရုံးမှ ပြည်နယ်အဆင့် အရာထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည့်အပြင် လှိုင်းတက်ဘူတာ၊ ကလောဘူတာနှင့် ရွှေညောင်ဘူတာများ၊ ယာဒ်ဝင်းများအား စစ်ဆေးပြီး ဘူတာများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး ပုံမှန်ရှင်းလင်းဆောင်ရွက်ရန်၊ ဝန်ထမ်းနေအိမ်လိုင်းခန်းများ၌ သောက်/သုံးရေ လုံလောက်စွာရရှိရေး စီစဉ်ဆောင်ရွက်သွားရန်၊ ဝန်ထမ်းနေအိမ်လိုင်းခန်းများအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး ပုံမှန်ရှင်းလင်းဆောင်ရွက်သွားရန်နှင့် အိမ်ရာကြီးကြပ်ရေးအဖွဲ့ကို စနစ်တကျဖွဲ့စည်း၍ ပုံမှန်စစ်ဆေးပြီး ပျက်စီးမှုများအား ပြန်လည်ပြုပြင်ဆောင်ရွက်သွားရန်နှင့် မြန်မာ့မီးရထားတိုင်းနယ်မြေများရှိ ဆေးရုံ၊ ဆေးပေးခန်းများတွင် ဝန်ထမ်းမိသားစုများ ပိုမိုဆေးကုသမှုခံယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားရန်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ သင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ဗဟိုမဏ္ဍပ်အပါအဝင် ရေကစားမဏ္ဍပ်များ တည်ဆောက်လျက်ရှိ

**မြစ်ကြီးနား မေ ၇**

မြန်မာ့ရိုးရာ အစဉ်အလာမပြတ် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စီမံဆောင်ရွက်လျက်ရှိရာ မေ ၅ ရက် နံနက် ၁၁ နာရီခွဲက ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်နှင့်အဖွဲ့သည် ဗဟိုမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်များ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

အဆိုပါ မဟာသင်္ကြန်ပွဲတော်အတွက် ဆွမ်းပရာဘွမ်လမ်းနှင့် ကျောက်စိမ်းလမ်းတို့တွင် ဗဟိုမဏ္ဍပ်အပါအဝင် ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် ငါးခုဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ဆွမ်းပရာဘွမ်လမ်းမပေါ်ရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း ရှေ့မျက်နှာစာတွင် ပေ ၁၇၀ x ၆၅ ပေရှိ ဗဟိုမဏ္ဍပ်ကို တည်ဆောက်လျက်ရှိပြီး ဆွမ်းပရာဘွမ်လမ်းတွင် မီးရထားသံလမ်းဆုံနေရာမှ ကျောက်စိမ်းလမ်းအထိ လမ်းလျှောက်သင်္ကြန် ပွဲတော်အတွက် လမ်းဘေး ဝဲ/ယာနှင့် လမ်းလယ်တို့တွင် ရေပန်းများ တပ်ဆင်ထားရှိမှု၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရှေ့မျက်နှာစာတစ်လျှောက် စတုဒိသာမဏ္ဍပ်များ၊ နံ့သာမဏ္ဍပ်၊ လောင်းလှေများ ထားရှိဆောင်ရွက်သွားမည့် အစီအစဉ်များကို ပြည်နယ်ဝန်ကြီးနှင့် အဖွဲ့အား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမိုးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ထို့အပြင် ရေရရှိရေးအတွက် အ.ထ.က(၁) ကျောင်းဝင်းအတွင်းနှင့် အ.ထ.က(၈) ကျောင်းဝင်းအတွင်းတို့တွင် အဝီစိရေတွင်းများ တူးဖော်ထားရှိပြီး ဂါလန် ၂၅၀၀၀ ဆံ့ ယာယီရေလှောင်ကန် ငါးကန်ဆောင်ရွက်ထားရှိပြီး နေ့စဉ်ရေဂါလန် ၁၂၅၀၀၀ သုံးစွဲနိုင်ရေးရေပိုက်လိုင်းများ သွယ်တန်းထားရှိမှု အခြေအနေများ၊ ယာယီရေလှောင်ကန်များ တည်ဆောက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။



အလားတူ ပြည်နယ်ဝန်ကြီးသည် မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပရေးအတွက် ကျောက်စိမ်းလမ်းပေါ်တွင် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များ၏ ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် ငါးခုကို တည်ဆောက်လျက်ရှိပြီး မဏ္ဍပ်များရေရရှိရေးအတွက် ဆောင်ရွက်ထားသည့် အစီအစဉ်များကို လှည့်လည်ကြည့်ရှု စစ်ဆေးကြကာ ပြည်နယ်ဝန်ကြီးက လိုအပ်သည်များကို ဆပ်ကော်မတီများနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရေး မှာကြားခဲ့သည်။

ကချင်ပြည်နယ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို မေ ၁၃ ရက် အကြိုနေ့တွင် ဗဟိုမဏ္ဍပ်၌ ဖွင့်ပွဲအခမ်းအနား ကျင်းပသွားမည်ဖြစ်ပြီး အကျနေ့တွင် လမ်းလျှောက်သင်္ကြန် ဖွင့်ပွဲ၊ သင်္ကြန်ကာလတစ်လျှောက်လုံး ဌာနဆိုင်ရာများက စတုဒိသာမဏ္ဍပ်များတွင် အလှည့်ကျတစ်ရက်လျှင် နံနက်နှင့် ညနေ နှစ်ကြိမ် ကျွေးမွေးသွားမည်ဖြစ်ကြောင်းနှင့် ညပိုင်းတွင်လည်း ဗဟိုမဏ္ဍပ်၌ ဌာနဆိုင်ရာယိမ်းအဖွဲ့များက ယိမ်းပြိုင်ပွဲကျင်းပ၍ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ညောင်ရွှေမြို့နယ်သမဝါယမအသင်းစုသို့ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**တောင်ကြီး မေ ၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်၊ စိုက်ပျိုးရေးကျေးရွာရှိ မြို့နယ်သမဝါယမအသင်းစုပိုင်ခြံ၌ ဇေဒါသဘာဝမြေသြဇာထုတ်လုပ်နေမှု၊ ဖြန့်ဖြူးရောင်းချမှုနှင့် နွားမွေးမြူထားရှိမှုအခြေအနေများကို ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။



ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်က အသင်းအမှုဆောင်များကို မိုးဦးရာသီတွင် သဘာဝမြေသြဇာများ အရည်အသွေးပြည့်မီစွာဖြင့် ပိုမိုထုတ်လုပ်နိုင်ရေးနှင့် ဖြန့်ဖြူးရောင်းချနိုင်ရေး၊ နွားမွေးမြူထားရှိမှုနှင့် နွားစာစိုက်ပျိုးထားရှိမှု အခြေအနေများကို စနစ်တကျ ဆောင်ရွက်ပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ အသင်းအကျိုးအမြတ်ရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သင်္ကြန်ကာလ ပြည်သူများ စားအုန်းဆီအခက်အခဲမရှိစေရေး ကျောက်ဆည်ခရိုင်တွင် ဈေးနှုန်းချိုသာစွာဖြင့် စားအုန်းဆီများ ရောင်းချပေးလျက်ရှိ

**ကျောက်ဆည် မေ ၇**

ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်အသင်းမှ ကျောက်ဆည်ခရိုင်အတွင်း နေထိုင်ကြသော ပြည်သူများ သင်္ကြန်ကာလ ပြည်သူများစားသုံးဆီ အခက်အခဲမရှိစေရေး စားအုန်းဆီ တင်သွင်းဖြန့်ဖြူးလျက်ရှိသော ကုမ္ပဏီများနှင့်ဆက်သွယ်၍ စားအုန်းဆီများဝယ်ယူ၍ စဉ်ဆက်မပြတ် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်များနှင့် ကူမဲ၊ ပလိပ်မြို့နယ်ခွဲများတွင် ဈေးနှုန်းချိုသာစွာဖြင့် စားအုန်းဆီများ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါရောင်းချသည့် စားအုန်းဆီများကို Grand AT Myanmar Co.,Ltd မှ တစ်ပိဿာ ငွေကျပ် ၅၂၅၀ ဖြင့် ဝယ်ယူ၍ ကျောက်ဆည်မြို့နယ်၌ ဂျူးဂျူး၊ မီဇာန်၊ ဝင်းရတနာ၊ နဒီရော၊ အာကာကျော်၊ အမေထွား ဆီအရောင်းဆိုင်များမှ ကုန်းသာ၊ တံတားဦး၊ ပေါက်ပင်ကွေ့၊ ထနောင်ပင်လှ၊ ဆူလေကုန်း ကျေးရွာများသို့လည်းကောင်း၊ စဉ့်ကိုင်မြို့နယ်၌ ဒေါ်လာဆီအရောင်းဆိုင်မှ လက်ဝဲကျေးရွာသို့လည်းကောင်း၊ ပုလိပ်မြို့နယ်ခွဲ၌ အောင်စိုးမိုးဦး၊ ကျော်ကျော်မင်း၊ စစ်မှန် ဆီအရောင်းဆိုင်မှ ပုလိပ်ဈေးကွက်သစ်ပြည်သူများနှင့် တပ်ကြီးကျေးရွာသို့လည်းကောင်း၊ မြစ်သားမြို့နယ်၌ လှ၊ ငွေကလပ်၊ ရတနာဌေး ဆီအရောင်းဆိုင်များမှ မြစ်သားမြို့နှင့် ကူမဲမြို့နယ်ခွဲများမှ ဌာနဆိုင်ရာဝန်ထမ်းများကို လည်းကောင်း ရောင်းချပေးခဲ့ပြီး ရောင်းချရာတွင် စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၅၇၃၈ ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ -၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## သာပေါင်းမြို့၌ အခြေခံစာတတ်မြောက်ရေး မြို့နယ်အဆင့်နည်းပြ (ဆင့်ပွား) သင်တန်းဖွင့်လှစ်

**သာပေါင်း မေ ၇**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများအတွက် အခြေခံစာတတ်မြောက်ရေး လုပ်ငန်း မြို့နယ်အဆင့် နည်းပြ (ဆင့်ပွား) သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၆ ရက်က အခြေခံပညာ အထက်တန်းကျောင်း သော်ကဆောင်ခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးမင်းရောထိုက်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်သက်နိုင်က အကြောင်းအမျိုးမျိုးကြောင့် ငယ်စဉ်က မူလတန်းပညာကို ပြီးဆုံးအောင် မသင်ကြားခဲ့ရသူများ၊ ကျောင်းမနေခဲ့ရသူများနှင့် လူဦးရေနှင့် သန်းခေါင်စာရင်းအရ စာမတတ်သူ ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရန်၊ စာမတတ်သူပပျောက်အောင်အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မြို့နယ်စာဖတ်ဝိုင်းများ ဖွဲ့စည်း ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး အခြေခံစာတတ်မြောက်ရေးလုပ်ငန်းသည် ပြည်သူများအား အသိပညာဖွင့်ပေးသော မွန်မြတ်သော လုပ်ငန်းဖြစ်သည့် အတွက် လေးလေးနက်နက် ဆောင်ရွက်ကြရန် ပြောကြားပြီးနောက် အခြေခံ စာတတ်မြောက်ရေး Video Clip အား Projector ဖြင့် ပြသသည်။

ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံ စာတတ်မြောက်ရေးအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း မြို့နယ်အဆင့် နည်းပြ (ဆင့်ပွား) သင်တန်းကို ကြီးကြပ်ဆရာ ခြောက်ဦး၊ နည်းပြဆရာလေးဦးတို့က အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ ၅၂ ဦးတို့ကို မေ ၅ ရက်မှ ၇ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မျိုးဇော်သိန်း**
**(ပြန်/ဆက်)**

## အောင်လံမြို့၌ ၂၀၂၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

**အောင်လံ မေ ၇**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ ၂၀၂၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို မေ ၆ ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဒေါ်မွန်မွန်အုန်းက အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးဌေးလွင်က ပညာရေးဝန်ကြီးဌာနကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနမှ ပေးအပ်သည့် သင်ထောက်ကူစာအုပ်၊ စာရေးကိရိယာပစ္စည်းများကို စာသင်သားသင်ယူသူများထံသို့ ပေးအပ်သည်။ အဆိုပါ သင်တန်းကို သင်တန်းသား ၈၄ ဦး၊ နည်းပြနှစ်ဦး၊ ကြီးကြပ်နှစ်ဦးတို့အပါအဝင် ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများမှ ထက်၊ လယ်၊ မူ ကျောင်းအုပ်ကြီးများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၁၅၀ ခန့်တက်ရောက်ခဲ့ကြောင်း၊ မေ ၆ ရက်မှစတင်၍ အောင်လံခရိုင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို အောင်လံမြို့နယ်ရှိ တိုက်နယ် ခုနစ်ခု၊ နေရာ ၂၈ နေရာတို့တွင် နည်းပြ ၃၈ ဦး၊ ကြီးကြပ်သူခြောက်ဦး၊ စာသင်သား/သင်ယူသူ ၅၁၂ ဦးတို့ဖြင့် တစ်ရက်လျှင် ပျမ်းမျှ ၃ နာရီ နှုန်းဖြင့် ရက်ပေါင်း ၄၀ ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးသိန်း (ပြန်/ဆက်)**

## ပေါင်မြို့နယ်အတွင်း အခြေခံစာတတ်မြောက်ရေးအတွက် စာသင်သား ၅၇၀ တို့အား စာသင်ဝိုင်း ၃၈ ဝိုင်း ဖွင့်လှစ်သင်ကြားပေး

**ပေါင် မေ ၇**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် မူလတန်းပညာ ပြီးဆုံးသည်အထိ မသင်ကြားခဲ့ရသူများ၊ စာမတတ်သူ၊ ကျောင်းမနေသူများ ပညာရေးနှင့် ရင်းနှီးကျွမ်းဝင်ပြီး စာတတ်မြောက်ရေး မြှင့်တင်နိုင်ရေးအတွက် မေ ၆ ရက်မှစတင်ကာ ကျေးရွာအုပ်စုပေါင်း ၁၈ စုတို့၌ စာသင်ဝိုင်း ၃၈ ဝိုင်း ဖွင့်လှစ်ပြီး စာသင်သား ၅၇၀ တို့ကို သင်ကြားပေးလျက်ရှိသည်။



စာသင်ဝိုင်းများ စတင်ဖွင့်လှစ်သင်ကြားရာသို့ မြို့နယ်အဆင့် စာတတ်မြောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များ၊တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ (ဝဲပုံ)

ပေါင်မြို့နယ်အတွင်း အဆိုပါ စာသင်ဝိုင်းများကို မေ ၆ ရက်မှ မေ ၈ ရက်အထိ ရက်ပေါင်း ၄၀ ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး နည်းပြဆရာ ဆရာမ ၇၆ ဦး၊ ကြီးကြပ်ဆရာမ ၁၀ ဦးတို့က သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**မွန်မလေး**
**(ပြန်/ဆက်)**

## ကြံခင်းမြို့၌ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း နည်းပြသင်တန်း ဆက်လက်သင်ကြားပို့ချ

**ကြံခင်း မေ ၇**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၌ ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံစာတတ်မြောက်ရေး လုပ်ငန်း နည်းပြသင်တန်းကို မေ ၆ ရက်က (အ ထ က-၁) အောင်ကျော်ခန်းမ၌ ဆက်လက်သင်ကြား ပို့ချပေးလျက်ရှိသည်။

ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း နည်းပြသင်တန်းကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ သင်တန်းနည်းပြအဖြစ်ဆောင်ရွက်မည့် ဆရာ ဆရာမ ၁၃ ဦး တက်ရောက်ခဲ့ကြပြီး၊ တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းတက်ရောက်ခဲ့သော (အထက်တန်းပြ) ကြီးကြပ်နှင့် (ဒု-မူလတန်းပြ) ဆရာမတို့က (ဆင့်ပွား) သင်ကြားပေးရာ အခြေခံသင်္ချာနှင့် မြန်မာစာသင်ကြားပုံနည်းစနစ်များ၊ Mobile Application လွယ်ကူစွာဖြင့် သုံးစွဲမှုပုံစံများကို သင်ကြားပို့ချပေးလျက်ရှိပြီး သင်တန်းကို မေ ၅ ရက်မှ ၇ ရက်အထိ ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် မြန်မာ-လာအိုချစ်ကြည်ရေးတံတားကြည့်ရှုစစ်ဆေး

**ကျိုင်းလပ် ဧပြီ ၇**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် ဧပြီ ၇ ရက် နံနက် ၉ နာရီခွဲက ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျိုင်းလပ်ရှိ နှစ်နိုင်ငံနယ်စပ်ဒေသ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် နယ်စပ်ဒေသကုန်သွယ်မှု ချောမွေ့စေရေး မြန်မာ-လာအိုနှစ်နိုင်ငံ ချစ်ကြည်ရေးတံတားအား သွားရောက် ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် နှစ်နိုင်ငံချစ်ကြည်ရေးတံတား မြန်မာဘက်ဂိတ်၌ တာဝန်ထမ်းဆောင်နေသော သက်ဆိုင်ရာဌာနများနှင့် တစ်ဦးချင်းမိတ်ဆက်ကြပြီး ရှင်းလင်းဆောင်ခန်းမ၌ ကျိုင်းလပ်မြို့နယ် ဌာနဆိုင်ရာများနှင့် တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က နယ်စပ်ဂိတ်ဖြစ်သည့်အတွက် သက်ဆိုင်ရာဌာနများ လိုအပ်ချက်များရှိပါက ရှမ်းပြည်နယ်အစိုးရအနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန်လာရောက်ခြင်းဖြစ်ကြောင်း၊ တာဝန်ကျသည့်ဝန်ထမ်းများကလည်း လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရန်တင်ပြပေးကြရန်၊ မိမိနိုင်ငံ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းတွင် ပိုမိုမြှင့်တင်ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နှစ်နိုင်ငံချစ်ကြည်ရေး နယ်စပ်ဒေသကုန်သွယ်မှုဂိတ်၌ တာဝန်ထမ်းဆောင်နေသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနဝန်ထမ်းများလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မဲခေါင် – လန်ချန်း ကုန်သွယ်ရေးစခန်းရှိ အကောက်ခွန်၊ ပြည်တွင်းအခွန်၊ လူဝင်မှုကြီးကြပ်ရေး၊ မြန်မာ့စီးပွားရေးဘဏ်အခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တာချီလိတ်မြို့ လေဆိပ် (VIP) ခန်းမ၌ ပြုလုပ်သော ရှမ်းပြည်နယ်(မြောက်ပိုင်း) ယာယီတိုက်ပွဲရှောင်များအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင်လားရှိုးမြို့ သီရိရတနာမန်ဆူကျောင်းတိုက် ဆရာတော်ဒေါက်တာဘဒ္ဒန္တပုညာနန္ဒအရှင်သူမြတ်ထံမှ ပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့ အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလဆောက်တည်ကြပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) ယာယီတိုက်ပွဲရှောင်များအတွက် အလှူငွေကျပ်သိန်း ၁၈၃ သိန်း၊ ဆန်၊ ဆီတို့ကို သီရိရတနာမန်ဆူကျောင်းတိုက်ဆရာတော်ဒေါက်တာဘဒ္ဒန္တပုညာနန္ဒထံ ပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီး ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း**
**(တောင်ကြီး)**



## နမ့်စန်မြို့နယ် နားရိုင်းရွာသစ်၊ ခါနန် (ကောင်းခမ်း) ကျေးရွာရှိ ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဧပြီ ၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်၊ နားရိုင်းရွာသစ်၊ ခါနန်(ကောင်းခမ်း) ကျေးရွာရှိ ဒေသခံတိုင်းရင်းသား ပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ဒေသခံတိုင်းရင်းသား ပြည်သူ ၁၈၄ ဦးတို့အား လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံ တက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ် ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့ပြင် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိကျောင်းထိုင် ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ဓမ္မာရုံဆောက်လုပ်ရန်အတွက် အလှူငွေများ ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြိတ်မြို့နယ်၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်

**မြိတ် ဧပြီ ၇**

မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် မြန်မာတို့၏ ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ယခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ကြိုတင်စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခင်နှစ်ကနည်းတူ မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ရေကစားမဏ္ဍပ်များနှင့် ဖျော်ဖြေရေးမဏ္ဍပ်ကြီးများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

“ယခုနှစ် မဟာသင်္ကြန်ပွဲတော်အတွက် ရေကစားမဏ္ဍပ်နဲ့ ဖျော်ဖြေရေးမဏ္ဍပ်ကြီးတွေကို ရပ်ကွက်တွေမှာ ဆောက်လုပ်နေကြပါတယ်။ တချို့ကျေးရွာတွေမှာလည်း စုပေါင်းပြီးတော့ ရေကစားမဏ္ဍပ်တွေ ဆောက်နေတာလည်း တွေ့ရပါတယ်။ တချို့ရပ်ကွက်တွေမှာ သင်္ကြန်ယိမ်းအကအတွက် လေ့ကျင့်နေတာရှိပါတယ်” ဟု ရှမ်းချောင်းရပ်ကွက်မှ ဒေသခံတစ်ဦးက ပြောသည်။

ထို့အပြင် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင်လည်း အသက်ကြီးအဘိုး၊ အဘွားများအား ပူဇော်ပွဲ၊ ဇီဝိတဒါန ငါးလွှတ်ပွဲတော်နှင့် ပရိတ် တရားတော်နာခြင်းများကိုလည်း ဆောင်ရွက်မည်ဖြစ်ပြီး မြို့ပေါ် ရပ်ကွက်များတွင်လည်း စတုဒိသာ ကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**



## ညောင်ဦးမြို့နယ်၌ ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ကျင်းပမည့် နေရာများအား ကြည့်ရှုစစ်ဆေး

**ညောင်ဦး ဧပြီ ၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ၂၀၁၉ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဗဟိုမဏ္ဍပ် ဆောက်လုပ်နေမှုနှင့် လမ်းလျှောက် သင်္ကြန်ပြုလုပ်မည့်နေရာတို့ကို ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးနန်းတင့်၊ စီမံအဖွဲ့ဝင် ဦးဆန်းထွန်းဦးနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများ ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ညောင်ဦးမြို့ အမှတ် (၅) ရပ်ကွက် ဗိုလ်ချုပ်ပန်းခြံရှေ့ ဗဟိုမဏ္ဍပ် ဆောက်လုပ်နေခြင်းဖြစ်ပြီး လမ်းလျှောက်သင်္ကြန်ကို ဗဟိုမဏ္ဍပ်နှင့် မျက်နှာချင်းဆိုင်နေရာဖြစ်ရာ တမာပင်တန်းကြီးများ အောက်မှ ပုဂံထီး၊ ပုသိမ်ထီးများနှင့် အလှဆင်ကာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ်သင်္ကြန် ယိမ်းအကပြိုင်ပွဲ ထည့်သွင်းကျင်းပခြင်း မရှိသော်လည်း နေ့စဉ်ရပ်ကွက်များ၊ ကျေးရွာအုပ်စုများအလိုက် ယိမ်းအကအဖွဲ့များ ကပြဖျော်ဖြေမည်ဖြစ်ကာ တေးသီချင်းများနှင့် သီဆိုဖျော်ဖြေခြင်း အစီအစဉ်လည်း ပါဝင်မည်။ ညေ့ခံဖျော်ဖြေမည့်သင်္ကြန် ယိမ်းအကအဖွဲ့များကို ဂုဏ်ပြုဆုများ ချီးမြှင့်သွားမည်ဖြစ်ပြီး သင်္ကြန်ပွဲတော် ရက်ကာလအတွင်း စတုဒိသာဖြင့် နေ့စဉ်ကျွေးမွေး ဧည့်ခံမည်ဖြစ်ကြောင်း သိရသည်။

**ဒီပါလင်း**



## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဧပြီ ၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

ကချင်ပြည်နယ်တွင် ယနေ့ နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်။ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း၊ အောက်ပိုင်း) နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းကြားက ရယူအပ်ရာသင်ခန်းစာများ

# စုစည်းညီညွတ်မှုအားသာချက်နှင့် ရွေးကောက်ပွဲအောင်နိုင်ခဲ့သူ ရုရှားနိုင်ငံအတွက် Special One

မြင့်မြတ်

ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံခေါင်းဆောင် အသက် ၇၁ နှစ်ရှိပြီဖြစ်တဲ့ သမ္မတ ဗလာဒီမီယာပူတင်တစ်ယောက် သမ္မတအဖြစ် ၅ ကြိမ်မြောက် ထပ်မံအရွေးချယ်ခံရတာကြောင့် ရုရှားနိုင်ငံနဲ့ ရုရှားပြည်သူတွေကို နောက်ထပ်သက်တမ်း ၆ နှစ် ခေါင်းဆောင်ခွင့်ရခဲ့ပြန်ပါပြီ။ ရုရှားနိုင်ငံတော်နဲ့ ရုရှားပြည်သူတို့ရဲ့ အနာဂတ်အတွက် အထိုက်တန်ဆုံးသော ခေါင်းဆောင်ကောင်းတစ်ဦးကို ရုရှားပြည်သူတို့ မှန်မှန်ကန်ကန် ရွေးချယ်နိုင်ခဲ့တယ်လို့ဆိုရပါမယ်။ အကြောင်းက ယခုလိုကာလမှာ ရုရှားပြည်သူတွေ လျှောက်လှမ်းနေတဲ့ ဖွံ့ဖြိုးမှုလမ်းမဆီကနေ လမ်းမချော်အောင် ပဲ့ကိုင်ပေးနေတဲ့တစ်ဦးတည်းသော ခေါင်းဆောင်အဖြစ် ပူတင်တစ်ဦးတည်းကိုပဲ ရုရှားပြည်သူတွေက မှတ်ယူထားလို့ဖြစ်ပါတယ်။



မတ် ၁၈ ရက်က ရုရှားနိုင်ငံ ရွေးကောက်ပွဲအပြီးတွင် အနိုင်ရရှိသော သမ္မတပူတင်က ပြည်သူများအား မိန့်ခွန်းပြောကြားစဉ်။

## အခက်အခဲအကျပ်အတည်းကြားက ရရှိသော ထောက်ခံမှု

အမေရိကန်နဲ့ အနောက်အုပ်စုတွေကတော့ ထုံးစံအတိုင်း ယခုနှစ် မတ်လ ၁၅ ရက်ကနေ ၁၈ ရက်နေ့အထိ ကျင်းပပြီးစီးခဲ့တဲ့ ရုရှားရွေးကောက်ပွဲနဲ့ သမ္မတပူတင် အနိုင်ရရှိမှုအပေါ် လွတ်လပ်မှုမရှိသော၊ တရားမျှတမှုမရှိသော ရွေးကောက်ပွဲအဖြစ် အမနာပ ဝေဖန်ပြီးရင်း သုံးသပ်ရင်းပါပဲ။ ဒါလည်း မဆန်းပါဘူး။ ကမ္ဘာပေါ်မှာ သြဇာကြီးမားတဲ့ ခေါင်းဆောင်များအနက်က တစ်ဦးဖြစ်တဲ့ ပူတင်ကို အနောက်အုပ်စုခေါင်းဆောင်တွေက အမြဲလိုလိုမလိုမုန်းထားရန်သူအဖြစ် ရှုမြင်ကြခြင်း အကြောင်းရင်းက သူ့ရဲ့ခေါင်းဆောင်မှု၊ ပြည်သူအားလုံးစည်းလုံးညီညွတ်နေမှုနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများအပေါ် မနာလိုဝန်တိုမှုနဲ့အတူ စိုးရိမ်မှုအားကြီးနေလို့ပါပဲ။

အနောက်အုပ်စုဟာ ပူတင်ကို မဟာပြိုင်ဘက်သဖွယ်သဘောထား၊ အကြိမ်ကြိမ် လုပ်ကြံသတ်ဖြတ်ဖို့ကြိုးစားခဲ့ပြီး ရုရှားနိုင်ငံကြီး အင်အားချည့်နဲ့ပျက်စီးအောင် လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ လောက်ကစပြီး ကြိုးပမ်းခဲ့ကြပါတယ်။ သမ္မတပူတင်ကို အာဏာရှင်အဖြစ် သမုတ်ခဲ့ပြီး လူ့အခွင့်အရေးကို ဖောက်ဖျက်သူ၊ အတိုက်အခံတွေကို ထောင်ချဖိနှိပ်သူ၊ အဂတိတရားကြီးမားသူအဖြစ် ပြစ်တင်ဝေဖန်ခဲ့ကြတယ်။ ဒါပေမယ့် ရုရှားနိုင်ငံတော်ကြီးဟာ မူလလမ်းကြောင်းကနေ ယိမ်းယိုင်မသွားခဲ့တဲ့အပြင် ကမ္ဘာပေါ်မှာ သြဇာရှိလာတဲ့ စူပါပါဝါနိုင်ငံ၊ အဘက်ဘက်က အင်အားတောင့်တင်းလာတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ဖွံ့ဖြိုးတိုးတက်လာခဲ့ပါပြီ။ ဒီအပြင် ပူတင်ဟာ နိုင်ငံရဲ့ လူ့အဖွဲ့အစည်းအလွှာပေါင်းစုံကို စုစည်းညီညွတ်သော consolidate society တစ်ခုဖြစ်အောင် ဖန်တီးနိုင်ခဲ့ပြီး ထိုစုစည်းမှုအားနဲ့ နိုင်ငံရဲ့ အချုပ်အခြာကို တည်တံ့ခိုင်မြဲအောင်၊ တည်ငြိမ်အေးချမ်းအောင်၊ ရုရှားနိုင်ငံသားတွေရဲ့ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်အောင် လုပ်နိုင်ခဲ့တာတွေ့ရတယ်။

ယခုလို ပူတင်ရဲ့ ခေါင်းဆောင်မှု၊ အားလုံးပါဝင်တဲ့ ညီညွတ်မှုနဲ့ ဖွံ့ဖြိုးမှုကို ဘယ်လိုရလဒ်မျိုးနဲ့ တိုင်းတာနိုင်မလဲဆိုတာ ကြည့်ရအောင်ပါ။ ယခုပြီးစီးခဲ့တဲ့ ရွေးကောက်ပွဲမှာ ဆန္ဒမဲ ၈၇ ဒသမ ၂၉ ရာခိုင်နှုန်းနဲ့ သောင်ပြိုကမ်းပြိုင် အနိုင်ရရှိခဲ့မှု၊ ၇၇ ရာခိုင်နှုန်းသော ဆန္ဒမဲပေးခဲ့ကြတဲ့ ပြည်သူလူထုကြီးစတဲ့အချက်တွေက ခေါင်းဆောင်ပူတင်နဲ့ ရုရှားပြည်သူတို့ကြား အပြန်အလှန် ယုံကြည်ချက်နဲ့ အနာဂတ်မျှော်လင့်ချက်များဟာ တစ်ထပ်တည်းကျနေကြောင်း သက်သေပြရာရောက်ပါတယ်။

ရွေးကောက်ပွဲမပြုလုပ်ခင် ပူတင်ကို အဝေဖန်ဆုံးသောသူ အဓိကအတိုက်အခံတစ်ဦးဖြစ်တဲ့ အလက်ဆီနယ်ဗဲလ်နီ နိုင်ငံမြောက်ဖျားက အကျဉ်းထောင်တစ်ခုမှာ ရုတ်တရက် သေဆုံးသွားခြင်း၊ ရုရှားသိမ်းပိုက်ထားတဲ့ ယူကရိန်းနယ်မြေတွေမှာ ရုရှားထောက်ခံတဲ့ ဒေသခံတွေကို မဲပေးခွင့်ပြုခြင်း စတဲ့ လုပ်ရပ်တွေအပေါ် ဝေဖန်မှုတွေရှိခဲ့ပေမယ့် ယခုလိုပြတ်သားတဲ့မဲအရေအတွက်အရ ရုရှားပြည်သူတွေကိုယ်တိုင်က သူတို့ခေါင်းဆောင်အပေါ် အပြည့်အဝထောက်ခံမှုရှိနေကြောင်း သုံးသပ်နိုင်မှာပါ။ ရုရှားသိမ်းပိုက်ခံ ယူကရိန်းနယ်မြေက ဒေသခံတွေဆိုတာက ရုရှားစကားပြော၊ ရုရှားလူမျိုးတွေဖြစ်ပြီး ယူကရိန်းအစိုးရရဲ့ ဖိနှိပ်မှုကြောင့် နဂိုကတည်းက သူတို့ဟာ ရုရှားဘက်က ဖြစ်ပါတယ်။ ယခုလိုအောင်မြင်မှုဟာ ရုရှားနိုင်ငံအပေါ် အနောက်အုပ်စုနိုင်ငံတွေက ဘေးကျပ်နံကျပ်ဖြစ်အောင် ဝိုင်းဝန်းပိတ်ဆို့ဖိနှိပ်ထားတဲ့ အခြေအနေ၊ ယူကရိန်းအပေါ် အထူးစစ်ဆင်ရေးဆင်နွှဲနေတဲ့ ၂ နှစ်တာ ကာလရောက်လာတဲ့အခြေအနေ၊ NATO အဖွဲ့ဝင်အများစုပေါင်းပြီး မကြေညာသော တတိယကမ္ဘာစစ်ကို ရုရှားနိုင်ငံတစ်နိုင်ငံတည်းနဲ့ ဆင်နွှဲနေရတဲ့ အခြေအနေများအောက်မှာ ရရှိခဲ့တာဖြစ်တဲ့အတွက် ရုရှားခေါင်းဆောင်နဲ့ ရုရှားပြည်သူတွေအတွက် အလွန်ချိုမြိန်သော အောင်မြင်မှုဖြစ်ခဲ့ပါတယ်။

## တိုးတက်မှုပြကိန်းဂဏန်းများက သက်သေပြနေ

ဒါဆိုရင် ရုရှားခေါင်းဆောင်ပူတင်နဲ့ ပူတင်ရဲ့ ပါတီဟာ များပြားတဲ့အခက်အခဲ အကျပ်အတည်းတွေကြားကနေ ရွေးကောက်ပွဲမှာ ဘာကြောင့် ပြတ်ပြတ်သားသား အနိုင်ရခဲ့ပါသလဲ။ အနိုင်ရမှုရဲ့ နောက်ခံအကြောင်းတရားတွေက ဘာတွေဖြစ်မလဲ။ လေ့လာဆန်းစစ်ကြည့်ဖို့ လိုလာပါတယ်။ ရွေးကောက်ပွဲကို ဆန့်ကျင်တဲ့ ဆန္ဒပြပွဲအချို့ ရှိခဲ့ပေမယ့် အသေးအမွှားတွေလောက်သာ ဖြစ်ပါတယ်။ ခေါင်းဆောင်ပူတင်က ရွေးကောက်ပွဲအောင်နိုင်အပြီး သူ့ကိုထောက်ခံတဲ့ ပြည်သူလူထုကြီးကို စကားပြောရာမှာ ကျွန်တော်တို့ ပြည်သူအားလုံးအကြားမှာ ရေပက်မဝင်တဲ့ ညီညွတ်မှုသာရှိရင် ဘယ်အရာကမှ ရုရှားကို ကြောက်ရွံ့ထိတ်လန့်အောင် လုပ်နိုင်မှာမဟုတ် ဖိနှိပ်နိုင်မှာမဟုတ်၊ ကျွန်တော်တို့အားလုံးရဲ့ ညီညွတ်မှုအားနဲ့ ရန်သူဟာ အတိတ်မှာ ကျဆုံးခဲ့ကြသလို အနာဂတ်မှာလည်း ကျဆုံးရမှာပဲလို့ အခိုင်အမာပြောခဲ့ပြီး ပြည်သူတွေရဲ့ညီညွတ်မှုအားကို ဘယ်လောက်အရေးထားကြောင်း အသိအမှတ်ပြု အောင်ပွဲခံခဲ့ပါတယ်။

မှန်ပါတယ်။ နေတိုးနဲ့ယူကရိန်းပြင်ပဖိအားကို ရင်ဆိုင်ရင်း ရုရှားနိုင်ငံကြီးကို တည်ငြိမ်မှု မပျက်ပုံမှန်တိုးတက်အောင်လုပ်နိုင်ခြင်းက ပူတင်ရဲ့ ခေါင်းဆောင်မှုနဲ့အတူ ရုရှားပြည်သူတွေရဲ့ ညီညွတ်မှုအားက အဓိကဖြစ်ကြောင်း သုံးသပ်မိပါတယ်။ ဒီအချက်ကို လူမှုစီးပွားဘဝတိုးတက်မှုပြကိန်းဂဏန်းအချို့နဲ့ ချိန်ထိုးကြည့်နိုင်ပါတယ်။ IMF အစီရင်ခံစာအရ စစ်ဖြစ်နေတဲ့ကြားက နိုင်ငံ GDP သည် ၂၀၂၃ ခုနှစ်အတွင်း ၃ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်သွားပါတယ်။ စီးပွားရေးတိုးတက်မှုက ၂ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ပြီး အလုပ်လက်မဲ့နှုန်းက ထိုးကျသွားပါတယ်။ ငွေကြေးဖောင်းပွမှု ၇ ရာခိုင်နှုန်း ရှိနေစဉ်မှာ လုပ်ခလစာကို တိုးမြှင့်ပေးနိုင်ခဲ့တယ်။ ဆင်းရဲမှုနှုန်းကို ၉ ဒသမ ၈ ရာခိုင်နှုန်းကနေ ၉ ဒသမ ၃ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့တယ်။ စက်မှုနည်းပညာကဏ္ဍနဲ့ အခြေခံအဆောက်အအုံများအတွက် ငွေကိုပိုသုံးနိုင်တဲ့အခါ ရုရှားပြည်သူတွေရဲ့ လူနေမှုအဆင့်အတန်းဟာ အတိုင်းအတာတစ်ခုအထိ တိုးတက်လာတာ တွေ့ရတယ်။ ကလေးမွေးဖွားနှုန်းကအစ တိုးတက်မှုရှိလာတယ်။ ရုရှားလူငယ်တွေကိုယ်တိုင် ကမ္ဘာသစ်တစ်ခုဆီ ရောက်ရှိသွားသလို စိတ်ခွန်အားအသစ်တွေ ရလာတယ်လို့ ဆိုပါတယ်။ အရေးကြီးတဲ့ တိုးတက်မှုတစ်ခုက နိုင်ငံရဲ့ကြွယ်ဝလာတဲ့ ဓနအင်အားကို ပြည်သူလူထုကြီးထံ ချမ်းသာဆင်းရဲကြား မျှတစွာနဲ့ အညီအမျှ ဖြန့်ဝေနိုင်ခဲ့ခြင်းပါပဲ။

## ရဲဝံ့ပြတ်သားပြီး မျိုးချစ်စိတ်နိုင်ငံချစ်စိတ်ရှိသူ

ပူတင်ဟာ သူ့နိုင်ငံနဲ့သူ့ပြည်သူအတွက် အကျိုးမပြု၊ အကျိုးမရှိတဲ့ မည်သည့်စကား မည်သည့်အပြုအမူမျိုးကိုမျှ ခွင့်ပြုလေ့မရှိပါဘူး။ နိုင်ငံအတွက် ကောင်းမယ်ထင်ရင် လုပ်စရာရှိတာကို ပြတ်ပြတ်သားသား လုပ်လေ့ရှိပါတယ်။ နိုင်ငံရေး၊ စီးပွားရေး အပြောင်းအလဲလုပ်ဖို့ လိုအပ်ရင် တွေဝေမနေ ယုံကြည်ချက်အပြည့်နဲ့ ရဲရဲဝံ့ဝံ့လုပ်တတ်တဲ့သဘောရှိပါတယ်။ ဆုံးဖြတ်ချက်ကို မှန်မှန်ကန်ကန်ချပြီး ပြဿနာကိုဖြေရှင်းနိုင်စွမ်းရှိတဲ့ ခေါင်းဆောင်လည်း ဖြစ်တယ်။

သာဓကအနေနဲ့ ခွဲထွက်ဖို့ကြိုးစားတဲ့ ချေချင်ညာတွေကို စစ်ဆင်နွှဲအောင်မြင်ခဲ့တာ။ ဂျော်ဂျီယာနဲ့ဖြစ်တဲ့စစ်နဲ့ ကရိုင်းမီးယားကို ရုရှားလက်အောက် ပြန်ရောက်အောင် လုပ်နိုင်ခဲ့တာတွေ၊ ဆီးရီးယားပြည်တွင်းစစ်မှာ ပြုတ်ကျလုနီး ဆီးရီးယားအစိုးရကို ကယ်တင်ပေးနိုင်ခဲ့တာတွေက နမူနာပါပဲ။ အနောက်အုပ်စုခေါင်းဆောင်တွေဟာ ရုရှားခေါင်းဆောင်အပေါ် အမြဲလျှော့တွက်လေ့ရှိကြတယ်။ သူတို့အမြင်မှားယွင်းကြောင်း ယူကရိန်းအပေါ် ဆင်နွှဲနေတဲ့ နှစ်နှစ်ကြာ ရုရှားရဲ့အထူးစစ်ဆင်ရေး စွမ်းဆောင်ချက်ရလဒ်များနဲ့ အနောက်အုပ်စုရဲ့ ပိတ်ဆို့အရေးယူမှုများအပေါ် ရုန်းထွက်နိုင်မှုက သက်သေပြနေပါတယ်။

**နိုင်ငံတကာကိုကြည့်ရင် ခေါင်းဆောင်များစွာမှာ မိမိနိုင်ငံကို ဦးဆောင်မှုပေးပြီး အောင်မြင်အောင် လုပ်နိုင်တဲ့ အရည်အသွေးကိုယ်စီရှိပြီး ဖြစ်ပါတယ်။** ကျန်းကျန်းမာမာနဲ့ ပါဝါကို နှစ်ပေါင်းကြာရှည် ဆုပ်ကိုင်ထားနိုင်တဲ့ ပူတင်လို ပေါ်ပြူလာဖြစ်တဲ့ ခေါင်းဆောင်မျိုးကတော့ ရှားပါတယ်။ အဘက်ဘက်မှာ ပြိုကွဲနိမ့်ပါးနေတဲ့နိုင်ငံကို ကမ္ဘာ့အင်အားကြီးနိုင်ငံပြန်ဖြစ်လာအောင် စွမ်းဆောင်နိုင်မှုမျိုးဟာ အလွန်အတုယူစရာကောင်းပါတယ်။ ကမ္ဘာကျော် ကေဂျီဘီထောက်လှမ်းရေး ဗိုလ်မှူးကြီးဘဝကနေ အုပ်ချုပ်ရေးဘက် ရောက်လာသူတစ်ယောက်ရဲ့ စစ်ဘက်နယ်ဘက် အတွေ့အကြုံတွေဟာ နိုင်ငံကို တိုးတက်စေရာမှာ အဓိကဖြစ်တယ်ဆိုတာတွေ့ရတယ်။

*စာမျက်နှာ ၁၁ သို့*

❖ **ဒါဆိုရင် ရုရှားခေါင်းဆောင်ပူတင်နဲ့ ပူတင်ရဲ့ ပါတီဟာ များပြားတဲ့အခက်အခဲ အကျပ်အတည်းတွေကြားကနေ ရွေးကောက်ပွဲမှာ ဘာကြောင့် ပြတ်ပြတ်သားသား အနိုင်ရခဲ့ပါသလဲ။ အနိုင်ရမှုရဲ့ နောက်ခံအကြောင်းတရားတွေက ဘာတွေဖြစ်မလဲ။ လေ့လာဆန်းစစ်ကြည့်ဖို့ လိုလာပါတယ်။ ရွေးကောက်ပွဲကို ဆန့်ကျင်တဲ့ ဆန္ဒပြပွဲအချို့ရှိခဲ့ပေမယ့် အသေးအမွှားတွေလောက်သာ ဖြစ်ပါတယ်။ ခေါင်းဆောင်ပူတင်က ရွေးကောက်ပွဲအောင်နိုင်အပြီး သူ့ကိုထောက်ခံတဲ့ ပြည်သူလူထုကြီးကို စကားပြောရာမှာ ကျွန်တော်တို့ ပြည်သူအားလုံးအကြားမှာ ရေပက်မဝင်တဲ့ ညီညွတ်မှုသာရှိရင် ဘယ်အရာကမှ ရုရှားကို ကြောက်ရွံ့ထိတ်လန့်အောင် လုပ်နိုင်မှာမဟုတ် ဖိနှိပ်နိုင်မှာမဟုတ်၊ ကျွန်တော်တို့ အားလုံးရဲ့ ညီညွတ်မှုအားနဲ့ ရန်သူဟာ အတိတ်မှာ ကျဆုံးခဲ့ကြသလို အနာဂတ်မှာလည်း ကျဆုံးရမှာပဲလို့ အခိုင်အမာပြောခဲ့ပြီး ပြည်သူတွေရဲ့ညီညွတ်မှုအားကို ဘယ်လောက်အရေးထားကြောင်း အသိအမှတ်ပြု အောင်ပွဲခံခဲ့ပါတယ်**

# ဧရာဝတီတိုင်းဒေသကြီး၌ အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်း ၁၇၇၁ ဝိုင်းဖြင့် စာသင်သား ၂၅၀၁၆ ဦးအား သင်ကြားပို့ချမည်

**ပုသိမ် ဧပြီ ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း နည်းပြသင်တန်း (မြို့နယ်အဆင့်) ဖွင့်ပွဲကို ဧပြီ ၅ ရက် နံနက်ပိုင်းက ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက "တိုင်းဒေသကြီး၏ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ဧပြီ ၈ ရက်မှ မေ ၁၉ ရက်အထိ စာသင်ဝိုင်း ၁၇၇၁ ဝိုင်းဖြင့် စာသင်သား ၂၅၀၁၆ ဦးအား ဆရာ ဆရာမများက ရက်ပေါင်း ၄၀ ကြာ တစ်နေ့လျှင် သုံးနာရီနှုန်းဖြင့် နာရီပေါင်း ၁၂၀ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းအတွက် သက်ဆိုင်ရာ စာဖတ်ဝိုင်း အသီးသီးတွင် သင်ကြားပြသပေးမည့် တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမများနှင့် စေတနာလုပ်အားပေး ကျောင်းသား ကျောင်းသူများအား ကျေးဇူးအထူးပင်တင်ရှိပါကြောင်း၊ ပုသိမ်မြို့နယ်စာတတ်မြောက်ရေးလုပ်ငန်းတွင် ပါဝင်သင်ကြားပြသပေးမည့် ဆရာ ဆရာမများ၊ စေတနာလုပ်အားပေး တက္ကသိုလ်၊ ဒီဂရီကောလိပ် ကျောင်းသားကျောင်းသူများအနေဖြင့် တက်ညီလက်ညီ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(ယာပုံ)**

ဆက်လက်၍ ယင်းနေ့ မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ပြုလုပ်ရာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အမှာစကား ပြောကြားသည်။ အစည်းအဝေးတွင် Power Pillar Company Lirmited က ကွန်ကရစ်တိုင်များ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုလျှောက်ထားလွှာတင်ပြခြင်းကိစ္စ၊ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Kumudra (Pathein) Garment Company Limited က CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုတင်ပြခြင်း ကိစ္စနှင့် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် ဟိုတယ်လုပ်ငန်းဆောင်ရွက်ရန် အတည်ပြုမိန့်ရရှိထားသည့် Jewellery Teak Timber Company Limited က တည်ဆောက်ရေးကာလ တိုးမြှင့်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စရပ်များကို ဆွေးနွေးပြီး သက်ဆိုင်ရာ ကော်မတီအဖွဲ့ဝင်ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





တပ်ကုန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်နှင့် တပ်ဖွဲ့ဝင်များသည် ဧပြီ ၇ ရက်က အေးချမ်းသာစံပြကျေးရွာရှိ အိမ်ထောင်စု ၇၀ အတွက် သောက်သုံးရေ ရေဂါလန် ၄၀၀၀ သွားရောက်လှူဒါန်းပေးစဉ်။

မြို့နယ်(ပြန်/ဆက်)




# မြဝတီမြို့၌ စာတတ်မြောက်ရေးလှုပ်ရှားမှု အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးလုပ်ငန်းဖွင့်

**မြဝတီ ဧပြီ ၇**

ကရင်ပြည်နယ် မြဝတီခရိုင်နှင့် မြို့နယ်အဆင့် စာတတ်မြောက်ရေးလှုပ်ရှားမှု အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၆ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ကငယ်စဉ်က မူလတန်းပညာကို အကြောင်း အမျိုးမျိုးကြောင့် ပြီးဆုံးသည်အထိ မသင်ကြားခဲ့ရသော ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများအတွက် လူမှုဘဝမြင့်မားရေး၊ ဒေသအလိုက် စာတတ်မြောက်မှုဦးရေ တိုးပွားလာစေရေး ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးက နိုင်ငံတော်၏ ရည်မှန်းချက်အရ တစ်နိုင်ငံလုံး စာတတ်မြောက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ဗီဒီယိုမှတ်တမ်းကို ပြသကာ စာသင်ဝိုင်းများအတွက် ထောက်ပံ့ရေးပစ္စည်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နည်းပြအုပ်ချုပ်သူများထံသို့ ပေးအပ်သည်။

အဆိုပါ စာတတ်မြောက်ရေး စာသင်ဝိုင်းများ ဖွင့်လှစ်ရာတွင် နည်းပြ အခြေခံပညာ ဆရာ ဆရာမများက ရပ်ကွက်နှစ်ခု၊ ကျေးရွာခြောက်ရွာရှိ စာသင်သား ဦးရေ ၂၅၁ ဦးအား စာသင်ဝိုင်း ၂၃ ဝိုင်းခွဲကာ ဧပြီ ၆ ရက်မှ ၁၅ ရက်အထိ သင်ကြားပို့ချမည်ဖြစ်သည်။ **ဇာဖြူဝင်း(ပြန်/ဆက်)**



# မုဒုံမြို့နယ်၌ ဆည်ရေသောက်စနစ်ဖြင့်စိုက်ပျိုးသော နွေစပါး ဧက ၁၃၀၀ ကျော် အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**မုဒုံ ဧပြီ ၇**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ နွေစပါးစိုက်ပျိုးရာသီတွင် ချောင်းပိတ်၊ မြောင်းပိတ်နှင့် အဇင်းဆည်၊ ဝင်းဖနုံ ဆည်ရေများဖြင့် နွေစပါး ၆၃၈ ဧက စိုက်ပျိုးရန်လျာထားချက်ထက်ကျော်လွန်၍ ၁၃၇၆ ဧကအထိ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကာ လျာထားဧကထက် ၇၃၈ ဧကကို တောင်သူများ၏ ကြိုးပမ်းအားထုတ်မှုဖြင့် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် စပါးသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မုဒုံမြို့နယ်၌ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကွက်ဧက ၃၀၀ တောင်သူပညာပေးစိုက်ကွက်များ ဆောင်ရွက်ထားသလို ဗဟိုမျိုးသန့်ခြံမှ ထွက်ရှိလာသည့် မျိုးကောင်းမျိုးသန့်များကို ဧက ၁၀၀၊ တင်း ၁၂၀ ထွက်ရှိမည့် ပန်းတိုင်အထွက်နှုန်း ရည်မှန်းပြီး စိုက်ပျိုးဆောင်ရွက်ရာတွင်လည်း မျိုးများကို စနစ်တကျပေါင်ပျိုးစနစ်ဖြင့် ပျိုးထောင်ပြီးမှ တောင်သူများနှင့်ပူးပေါင်း၍ ဆင်းသုခ ၈၀၉ ဧက၊ နံ့ကောက် ၄၄၂ ဧက၊ DW-11 ၁၂၅ ဧကတို့ကို စိုက်ပျိုးဆောင်ရွက်ခဲ့သည်။

မုဒုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အဆင့်မြင့်နည်းပညာသုံး စံပြစိုက်ခင်းတွင်လည်း မျိုးသန့်စပါးများကိုသာ ဖြန့်ဖြူးပေးထားပြီး စိုက်ပျိုးခဲ့ကြောင်း၊ မြေ၊ မျိုး၊ ပိုး တာဝန်ခံများနှင့် ဝန်ထမ်းများက စိုက်ခင်းများအရောက် ကွင်းဆင်းပြီး တောင်သူများနှင့်ပူးပေါင်း၍ စိုက်ခင်းများ အောင်မြင်ရေးအတွက် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်စပါးများ ရွေးချယ်စိုက်ပျိုးခြင်း၊ မျိုးသန့်စံပြကွင်းတွင် မျိုးကွဲပယ်ခြင်း၊ သွင်းအားစုများကြဲပက်ခြင်း၊ ပိုးမွှားရောဂါကင်းထောက်စနစ်၊ ကြိုတင်ကာကွယ်ရေးနည်းစနစ်နှင့် တောင်သူပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း ဓာတ်မြေဩဇာများကို ပံ့ပိုးမှုပေးခြင်းနှင့် လက်ရှိအချိန်တွင် စပါးဈေးများကောင်းမွန်လာခြင်းတို့ကြောင့် နွေစပါးများကို ပိုမိုစိုက်ပျိုးမှု များလာကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးငြိမ်းချမ်းကျော်ထံမှ သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**

# ရဲတပ်ဖွဲ့က သံရုံးကို ဝင်ရောက်စီးနင်းမှုနှင့်ပတ်သက်ပြီး မက္ကဆီကိုက အီကွေဒေါနှင့် သံတမန်ဆက်ဆံရေး ဖြတ်တောက်



အီကွေဒေါ ဒုတိယသမ္မတဟောင်း ဂျော့ဂလက်စ်

**မက္ကဆီစီးတီး မေ ၇**

အီကွေဒေါနိုင်ငံ မြို့တော်ကွီတိုရှိ မက္ကဆီကို သံရုံးကို ရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းပြီး အီကွေဒေါ ဒုတိယသမ္မတဟောင်းကို ဖမ်းဆီးလိုက်ပြီးနောက် မက္ကဆီကိုနိုင်ငံက အီကွေဒေါနိုင်ငံနှင့် သံတမန်ဆက်ဆံရေးဖြတ်တောက်လိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ရဲတပ်ဖွဲ့သည် မြို့တော်ကွီတိုရှိ မက္ကဆီကို သံရုံးကို မေ ၅ ရက်က ဝင်ရောက်ကာ အီကွေဒေါ ဒုတိယသမ္မတဟောင်း ဂျော့ဂလက်စ်ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း အီကွေဒေါအစိုးရက ပြောသည်။ ဂျော့ဂလက်စ်သည် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ သမ္မတရာဖေးလ် ကော်ရာရာနှင့်အတူ ဒုတိယသမ္မတအဖြစ် လေးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

ဂျော့ဂလက်စ်သည် အကျင့်ပျက်ခြစားမှု၊ အခြားသော စွဲချက်များဖြင့် စွပ်စွဲခံထားရပြီး ထောင်သွင်း အကျဉ်းချခံထားရသူလည်း ဖြစ်သည်။

၎င်းသည် ယမန်နှစ် ဒီဇင်ဘာလ နောက်ပိုင်းတွင် နိုင်ငံရေးခိုလှုံခွင့်တောင်းခံကာ မက္ကဆီကို သံရုံးတွင် နေထိုင်လျက်ရှိကြောင်း သိရသည်။

မက္ကဆီကိုနိုင်ငံက ဂျော့ဂလက်စ်ကို မေ ၅ ရက်တွင် နိုင်ငံရေးခိုလှုံခွင့်ပြုပြီးနောက် မကြာမီတွင် ရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းမှု ဖြစ်ပွားခြင်းဖြစ်သည်။

မက္ကဆီကို နိုင်ငံခြားရေးဝန်ကြီးဌာနက ထိုကဲ့သို့ လုပ်ဆောင်ခြင်းမှာ သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းကို သိသာထင်ရှားစွာ ချိုးဖောက်ခြင်းဖြစ်သည့်အတွက် အီကွေဒေါနိုင်ငံနှင့် သံတမန်ဆက်ဆံရေး ဖြတ်တောက်လိုက်ခြင်းဖြစ်ကြောင်း ပြောသည်။

ထို့ပြင် အဆိုပါ ဖြစ်ရပ်နှင့်ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာတရားရုံးကို တိုင်ကြားသွားမည်ဖြစ်ကြောင်းလည်း ဆက်ပြောသည်။

**အင်န်အိတ်ချ်ကေ**



ဆစ်ဒနီမြို့၌ ရေကြီးနေမှုကို တွေ့ရစဉ်။

# သြစတြေးလျနိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုများလာ

**ဆစ်ဒနီ မေ ၇**

သြစတြေးလျနိုင်ငံ နယူးဆောက်ဝေးလ်ပြည်နယ်တစ်ဝန်း သောကြာနေ့ည နှောင်းပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပွားပြီးနောက်ဆက်တွဲ ရေကြီးမှုများ ဖြစ်ပွားသဖြင့် ပြည်နယ်အတွင်း အဆောက်အအုံများ သိသိသာသာ ပျက်စီးခဲ့ကြောင်း သိရသည်။

နယူးဆောက်ဝေးလ်ပြည်နယ် အရှေ့တောင်ဘက်ရှိ ကမ်းရိုးတန်းဒေသဖြစ်သည့် အီလာဝါရာနှင့် ဆစ်ဒနီမြောက်ပိုင်း ကမ်းခြေတို့တွင် ရေကြီးမှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ကြောင်း၊ အီလာဝါရာ နေရာအနှံ့အပြားတွင် နေအိမ် ၂၀ ပျက်စီးခဲ့ကြောင်းနှင့် နေအိမ်အချို့၏ မျက်နှာကြက်များ ပျက်စီးခဲ့ကြောင်း နယူးဆောက်ဝေးလ်ပြည်နယ် အရေးပေါ်ဌာန(အက်စ်အီးအက်စ်) က တနင်္ဂနွေနေ့ ထုတ်ပြန်ချက်တွင် ပြောကြားသည်။

ဟော့ကီဘာရီနီပီယံ မြစ်တစ်လျှောက် မြစ်ရေလျှံမှုများ ဆက်လက် ဖြစ်ပွားနေသဖြင့် နယူးဆောက်ဝေးလ် ပြည်နယ်မြောက်ရစ်ချ်မွန်မြို့၌ ဆိုးရွားသည့် ရေကြီးမှုများ ဖြစ်ပွားလျက်ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ရေကြီးမှုကြောင့် အိမ်ခြေ ၁၄၀၀ နှင့် လူပေါင်း ၃၆၀၀ ကျော်မှာ အရေးပေါ် သတိပေးချက်အောက်တွင် ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂရိနိုင်ငံ၌ ယခုနှစ်အတွင်း ပထမဆုံးဖြစ်ပွားသည့်တောမီးကြောင့် သုံးဦးဒဏ်ရာရ

**အေသင် မေ ၇**

ယခုနှစ်အတွင်း ဂရိနိုင်ငံ၌ ပထမဆုံးဖြစ်ပွားသည့် တောမီးကြောင့် မေ ၆ ရက်တွင် လူသုံးဦးဒဏ်ရာရရှိခဲ့ကြောင်း မီးသတ်အရာရှိများက ပြောသည်။ ဂရိနိုင်ငံတောင်ပိုင်း ခရိကျွန်းတွင် တောမီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကျွန်း၏အရှေ့တောင်ဘက်ပိုင်းရှိ လီရာပီထရာမြို့အပြင်ဘက် သစ်တောဧရိယာတွင် တောမီးစတင်လောင်ခဲ့ခြင်းဖြစ်သည်။

တောမီးလောင်မှုကို ငြိမ်းသတ်ရန်အတွက် မီးသတ်သမားပေါင်း ၁၆၉ ဦးကို တပ်ဖြန့်ချထားခဲ့သည်။ မီးငြိမ်းသတ်ရေး ရဟတ်ယာဉ်လေးစင်းကိုလည်း အထောက်အကူဖြစ်စေရန် အဆင်သင့်ပြင်ထားခဲ့သည်။ သက်ကြီးရွယ်အိုတစ်ဦးမှာ စိုးရိမ်ရသည့်အခြေအနေဖြင့် ဆေးရုံတက်ရောက် ဆေးဝါးကုသမှုခံယူနေရသည်။ ဒေသခံအမျိုးသမီးတစ်ဦးနှင့် မီးသတ်သမားတစ်ဦးမှာလည်း အသေးစားဒဏ်ရာများ ရရှိခဲ့သည်။

ကြိုတင်ကာကွယ်သည့်အနေဖြင့် ကျေးရွာလေးရွာမှ လူပေါင်း ၃၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အရေးပေါ်သတိပေးချက်ထုတ်ပြန်ထားသည်။ မေ ၆ ရက်တွင် နိုင်ငံအနှံ့ တောမီးလောင်မှုပေါင်း ၇၁ ခု ဖြစ်ပွားခဲ့ကြောင်း ရာသီဥတုဆိုင်ရာနှင့် ပြည်သူ့ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်သည့် အပူလှိုင်း အပူချိန်မြင့်မားမှုတို့ကြောင့် ဂရိနိုင်ငံသည် နှစ်စဉ် နွေရာသီရောက်တိုင်း တောမီးလောင်မှုများ ကြုံတွေ့ရလေ့ရှိသည်။ ၂၀၂၃ ခုနှစ်အတွင်း တောမီးလောင်မှုကြောင့် လူပေါင်း ၂၀ ခန့် အသက်ဆုံးရှုံးခဲ့ရသည်။

**ဆင်ဟွာ**



# သီရိလင်္ကာနိုင်ငံ၌ မိုင်းရှင်းလင်းမှု ၁၃၄၀ ဒသမ ၈၇ စတုရန်းကီလိုမီတာ ပြီးစီး

**ကိုလံဘို မေ ၇**

သီရိလင်္ကာနိုင်ငံ မြောက်ပိုင်းနှင့် အရှေ့ပိုင်းပြည်နယ်များ၌ ထိခိုက်ခံစားခဲ့ရသည့်ဒေသများ၌ မိုင်းရှင်းလင်းရေးလုပ်ငန်းအတွင်း ၁၃၄၀ ဒသမ ၈၇ စတုရန်းကီလိုမီတာ ပြီးစီးခဲ့ပြီးဖြစ်ကြောင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက မေ ၇ ရက်တွင် ထုတ်ပြန်ထားသည်။

မိုင်းရှင်းလင်းရေးလုပ်ငန်း၌ မိုင်းဗုံး ၂ ဒသမ ၅ သန်းဝန်းကျင် တွေ့ရှိခဲ့ပြီး ယင်းပြည်နယ်နှစ်ခုတွင် ယခုအချိန်အထိ ၂၃ စတုရန်းကီလိုမီတာသာ ရှင်းလင်းမှုပြီးစီးကြောင်း သိရသည်။ သီရိလင်္ကာနိုင်ငံသည် ၂၀၂၈ ခုနှစ်တွင် မိုင်းကင်းစင်သည့်နိုင်ငံတစ်နိုင်ငံဖြစ်လာရန် အစီအစဉ်များ အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိသည်။ တပ်မတော်၊ ပြည်တွင်း ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းလေးခုက နိုင်ငံအတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများတွင် ပါဝင်လျက်ရှိကြောင်းနှင့် ယင်းလုပ်ငန်းမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၅ သန်းကုန်ကျကြောင်း သိရသည်။

**ဆင်ဟွာ**

# အီတလီနိုင်ငံကမ်းရိုးတန်း၌ ရွှေ့ပြောင်းနေထိုင်သူ ၁၁၀၀ ကျော်ကို ကယ်တင်ခဲ့ရ

**ရောမ မေ ၇**

အီတလီနိုင်ငံ တောင်ပိုင်းကမ်းရိုးတန်း၌ ၂၄ နာရီအတွင်း ရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များအပါအဝင် လူပေါင်း ၁၁၀၀ ကို ကယ်တင်ခဲ့ရကြောင်း ပြည်တွင်းမီဒီယာတွင် မေ ၇ ရက်က ဖော်ပြထားသည်။

အဆိုပါ လူများထဲတွင် အဖော်မပါသည့် ကလေး ၁၂၁ ဦးလည်းပါဝင်ကြောင်း သိရသည်။ လစ်ဗျားဆိပ်ကမ်း ဇူအာရာနှင့် တာဂျိုအာ ဆိပ်ကမ်းတို့မှ လှေသုံးစင်းဖြင့် ထွက်ခွာလာခဲ့ခြင်းဖြစ်ပြီး ညအချိန်၌ လူပေါင်း ၁၄၅ ဦးကို ကယ်တင်ခဲ့ရသည်ဟု ရိုင်နယူးစ် ၂၄ တွင် ဖော်ပြထားသည်။ နောက်ထပ် ၇၉၇ ဦးကိုမူ မြေထဲပင်လယ်တောင်ပိုင်း ယခင်လှုပ်ရှားဆောင်ရွက်မှုအတွင်း ကယ်ဆယ်နိုင်ခဲ့ခြင်းဖြစ်သည်။ ရွှေ့ပြောင်းနေထိုင်သူများမှာ အီဂျစ်၊ ဆီးရီးယားနှင့် ပါလက်စတိုင်းနိုင်ငံတို့မှ ဖြစ်ကြသည်ဟု ဖော်ပြထားသည်။

မေ ၆ ရက်က စစ္စလီမြို့ရှိ ဆိပ်ကမ်းသို့ ရွှေ့ပြောင်းနေထိုင်သူများ ဆက်လက်ရောက်ရှိလာကြသည်။ ပင်လယ်ရေကြောင်းနှင့် ရာသီဥတုအခြေအနေများ ပိုမိုကောင်းမွန်လာခြင်းတို့ကြောင့် အီတလီနိုင်ငံတောင်ပိုင်းတွင် မကြာသေးမီအတွင်း ပင်လယ်ရေကြောင်းမှ ဝင်ရောက်လာသူ ပိုမိုများပြားလာခဲ့သည်ဟု ယူဆရသည်။ မေ ၄ ရက်အထိ အီတလီနိုင်ငံသို့ ဝင်ရောက်လာသည့် ရွှေ့ပြောင်းနေထိုင်သူပေါင်း ၁၂၉၉၁ ဦးရှိပြီး ယမန်နှစ်နှင့်နှိုင်းယှဉ်လျှင် ၂၈၃၄၂ ဦး လျော့ကျသွားသည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ အေဂျင်စီ၏ ပြောကြားချက်အရ ၂၀၂၃ ခုနှစ်အတွင်း အီတလီနိုင်ငံသို့ ဝင်ရောက်လာသည့် ရွှေ့ပြောင်းနေထိုင်သူပေါင်း ၁၅၇၆၆၁ ဦးရှိသည်ဟု မှတ်တမ်းတင်ထားသည်။

**ဆင်ဟွာ**

# ဂါဇာကမ်းမြောင်ဒေသ တိုက်ပွဲများကြားတွင် မွေးဖွားလာသည့် ကလေးငယ်များ ဆိုးရွားသော အခြေအနေများနှင့် ရင်ဆိုင်နေရ

■ နှင်းမိုးအိမ်



မွေးကင်းစကလေးငယ်များကို အထူးကြပ်မတ်ကုသဆောင်မှာ တွေ့ရစဉ်။

**ပြီးခဲ့တဲ့နှစ် အောက်တိုဘာလအတွင်းကစလို့ အစ္စရေးနဲ့ ဟားမားစ်တို့ကြား တိုက်ပွဲတွေ စတင်ခဲ့ပြီး အဲဒီကာလအတွင်း ဂါဇာကမ်းမြောင်ဒေသမှာ မွေးဖွားခဲ့တဲ့ ကလေးငယ်ပေါင်း ၂၅၀၀၀ ကျော် ရှိပါတယ်။**

### အသက်မရှင်သန်ခဲ့ကြ

အဲဒီကာလမှာ မွေးဖွားခဲ့တဲ့ ကလေးတွေဟာ ဆိုးရွားတဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်နေရပြီး အချို့ဆိုရင်တော့ အသက်မရှင်ခဲ့ကြပါဘူး။ ဂါဇာမှာရှိတဲ့ အင်န်အိတ်ချ်ကေရုံးရဲ့ ခတ်ပုံဆရာကတော့ ကလေးမိဘအချို့ရယ် ဆရာဝန်တွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ ဂါဇာမြောက်ပိုင်းမှာ အစ္စရေးတို့ရဲ့ တိုက်ခိုက်မှုတွေကြောင့် တောင်ပိုင်းရာဖာမြို့ကို ရွှေ့ပြောင်းလာတဲ့သူတွေဟာ အခုအခါမှာ ခိုလှုံရာနေရာတွေမှာ နေထိုင်နေကြရပါတယ်။ လူဦးရေ သန်းပေါင်း ၁ ဒသမ ၅ သန်းနီးပါး ရှိတဲ့နေရာမှာ ဆေးရုံအနည်းငယ်ဟာ လူနာအနည်းငယ်ကိုသာ ကုသမှုပေးနိုင်ပါတယ်။

### ကိုယ်အလေးချိန်မပြည့်ကြ

အင်းမရိတ်ဆေးရုံမှာဆိုရင် အမျိုးသမီးအုပ်ကြီးဟာ ဆရာဝန်နဲ့ တွေ့ခွင့်ရဖို့ စောင့်ဆိုင်းနေကြပါတယ်။ အဲဒီဆေးရုံဟာဒေသတွင်းမှာ အနည်းငယ်သာရှိတဲ့သားဖွားနဲ့ မီးယပ်ဆေးရုံဆိုရင်လည်း မမှားပါဘူး။ ပြီးခဲ့တဲ့နှစ် အောက်တိုဘာလကစလို့ ဂါဇာဒေသမှာ မွေးဖွားခဲ့တဲ့ ကလေးအရေအတွက်ဟာ ၂၅၀၀၀ ကျော်ရှိပြီး ရှစ်မိနစ်မှာ ကလေးတစ်ဦး မွေးဖွားနေတယ်လို့ ယူနီဆက်ဖ်က ခန့်မှန်းထားပါတယ်။ လက်ရှိပဋိပက္ခတွေ မဖြစ်ပွားခင်ကတည်းက ဂါဇာဒေသမှာ မွေးဖွားတဲ့ ကလေးငယ်တွေဟာ မိခင်ရဲ့ အာဟာရချို့တဲ့မှုကြောင့် ကိုယ်အလေးချိန် မပြည့်ကြပါဘူး။ အခုဆိုရင် အဲဒီအရေအတွက်ဟာ ပိုပြီးများလာတယ်လို ကျွမ်းကျင်သူတွေက ပြောပါတယ်။

### ရုန်းကန်နေရ

မွေးကင်းစကလေး အထူးကြပ်မတ် ကုသဆောင်မှာဆိုရင်လည်း လမစေ့ဘဲ မွေးဖွားတဲ့ ကလေးငယ်တွေကိုထားတဲ့ ကိရိယာအလုံး ၂၀ နဲ့ ဆရာဝန်နဲ့ ဆေးရုံဝန်ထမ်းတွေဟာ ရုန်းကန်နေရပါတယ်။ ကလေးတစ်ဦးသာဆံ့တဲ့နေရာမှာ ဆရာဝန်တွေဟာ မတတ်သာဘဲ ကလေးနှစ်ယောက် သုံးယောက် ထည့်ထားရပါတယ်။ ဂါဇာမှာရှိတဲ့ ဆေးရုံအများစုမှာ ကလေးငယ်တွေကိုထပ်ပြီး လက်မခံနိုင်တော့ဘူးလို့လည်း အင်းမရိတ်ဆေးရုံက ဒေါက်တာ မိုဟာမက်ဆယ်လယ်မာက ပြောပါတယ်။

### အကူအညီကင်းမဲ့

ဆေးဝါးနဲ့ အောက်ဆီဂျင်မပေးနိုင်လို့ သေဆုံးသွားတဲ့ ကလေးငယ်တွေကို မြင်ရတဲ့အခါ အကူအညီကင်းမဲ့တယ်လို့ သူက ဆက်ပြောပါတယ်။ အချို့ကလေးတွေကတော့ ရွက်ဖျင်တဲအတွင်း အအေးဒဏ်ကြောင့် သေဆုံးရတယ်လို့လည်း သူက ဆက်ပြောပါတယ်။ နေ့စဉ်နဲ့အမျှ ကလေးတွေ သေဆုံးနေတာကို တွေ့မြင်နေရပြီး လုပ်နိုင်စွမ်းထက် ကျော်လွန်နေတော့ ဘာမှမတတ်နိုင်ဘူးလို့လည်း သူကဆက်ပြောပါတယ်။

### ခြောက်နာရီကြာစောင့်ဆိုင်းခဲ့ရ

ဘတ်ရှီရာအဘူဆာလက်ရှ်နဲ့ သူရဲ့ ခင်ပွန်းသည်ဟာ ဇန်နဝါရီ ၇ ရက်မှာ သမီးလေးတစ်ဦး မွေးဖွားခဲ့ပါတယ်။ သူတို့သမီးလေးဟာ ချောင်းဆိုးနေတော့ ဆေးရုံပို့ပေးခဲ့ပြီ ဆရာဝန်နဲ့တွေ့ဖို့ ခြောက်နာရီကြာ စောင့်ဆိုင်းခဲ့ရတယ်လို့ ဘတ်ရှီရာက ပြောပါတယ်။ သူတို့စုံတွဲဟာ ခန်ယူနစ်မြို့အနီးမှာရှိတဲ့ မြို့ငယ်လေးမှာ နေထိုင်ကြတာဖြစ်ပြီး အစ္စရေးနဲ့ ဟားမားစ်တို့တိုက်ပွဲတွေ စတင်ချိန်မှာ ကိုယ်ဝန် ခြောက်လရှိပါပြီ။

### ကလေးငယ်အတွက် လိုအပ်တာတွေမရနိုင်

သူတို့ဟာ ဒီဇင်ဘာလအတွင်းမှာ ရာဖာမြို့ကို ထွက်ပြေးခဲ့ကြပါတယ်။ ကလေးမွေးလာရင်တော့ တိုက်ပွဲတွေပြီးသွားမယ်လို့ သူမျှော်လင့်ခဲ့ပါတယ်။ ဒါပေမယ့်လည်း ဇန်နဝါရီလရောက်တော့ လေကြောင်းတိုက်ခိုက်မှုတွေကြားထဲကပဲ ဆေးရုံတက်ပြီး ကလေးမွေးခဲ့ရပါတယ်။ ညနေ သုံးနာရီဝန်းကျင်မှာ ခွဲမွေးခဲ့တာဖြစ်ပြီး မနက်ကျတော့ ဆေးရုံကနေ ဆင်းခဲ့ရပါတယ်။ ကိုယ်ဝန်ဆောင်တွေ ဆေးရုံကို တစ်ယောက်ပြီးတစ်ယောက် ဆေးရုံရောက်လာကြလို့ နေရာလွတ်အတွက် ဆေးရုံက ဆင်းခဲ့ရပါတယ်။ ဂါဇာဒေသမှာ ကလေးငယ်တွေအတွက် လိုအပ်တဲ့ ဖော်မြူလာနို့မှုန့်တွေ၊ ဒိုက်ဘာတွေ မရနိုင်ပါဘူး။

### အအေးဓာတ်ဝင်ရောက်လာ

ဘတ်ရှီရာတို့စုံတွဲဟာ ဖေဖော်ဝါရီလအတွင်းမှာတော့ ရွက်ဖျင်တဲမှာနေထိုင်ရပြီး အခြားသောဆွေမျိုးတွေနဲ့အတူ နေထိုင်ပါတယ်။ အဲဒီလမှာပဲ ဂါဇာမှာအပူချိန်ဟာ ၁၀ ဒီဂရီဆဲစီးရပ်အောက် တစ်ခါတစ်ခါ ကျဆင်းလာပြီး အအေးဓာတ်ဝင်ရောက်လာပါတယ်။ မိခင်ကိုယ်တိုင် အစာအာဟာရလုံလောက်စွာမရတဲ့အတွက် ကလေးကိုလည်း နို့လုံလောက်စွာ မတိုက်နိုင်ပါဘူး။ နို့မှုန့်ကလည်း အလုံအလောက်မရှိပါဘူး။ ကလေးငယ်အတွက် လုံခြုံမယ့်နေရာ တစ်နေရာပြီးတစ်နေရာ ပြောင်းခဲ့ပေမယ့် အဆင်မပြေခဲ့ပါဘူး။

### နာကျင်ရ

မိခင်တစ်ယောက်အနေနဲ့ သားသမီးတွေအတွက် အတတ်နိုင်ဆုံးလုပ်ပေးချင်ပေမယ့် မလုပ်နိုင်ပါဘူး။ နွေးထွေးတဲ့နေရာတစ်ခု ပြင်ဆင်ပေးချင်ပေမယ့် မလုပ်ပေးနိုင်တော့ နာကျင်ရပါတယ်လို့ ဘတ်ရှီရာက ပြောပါတယ်။

### ကလေးတွေအတွက် အန္တရာယ်အများဆုံးဒေသ

ကလေးငယ်တွေအတွက် ဂါဇာဒေသဟာ အန္တရာယ်အများဆုံးဒေသအဖြစ် ယူနီဆက်ဖ်အရာရှိတစ်ဦးက ဖော်ပြခဲ့ပါတယ်။ လူ့လောကအတွင်းကို ကလေးငယ်တစ်ဦး စတင်မွေးဖွားရောက်ရှိလာခြင်းဟာ ပျော်ရွှင်ဖွယ်ရာကိစ္စပါပဲ။ ဒါပေမယ့် ဂါဇာမှာတော့ မတူပါဘူး။ ဂါဇာမှာတော့ ကလေးတစ်ဦးမွေးဖွားလာခြင်းဟာ စိုးရိမ်ထိတ်လန့်စရာပါပဲ။

### နောက်ထပ်စိန်ခေါ်မှုတစ်ခု

မိခင်တွေဟာ သူတို့ရဲ့ ကိုယ်ဝန်ဆောင်စဉ် ကျန်းမာရေးနဲ့ လုံခြုံစိတ်ချစွာ မွေးဖွားလာနိုင်ရေး စိုးရိမ်ကြရပါတယ်။ ဗုံးကြဲတိုက်ခိုက်မှုတွေကြား ကလေးငယ်ငယ်လေးကိုဘေးကင်းစွာ ပြုစုပျိုးထောင်နိုင်ဖို့ဆိုတာ နောက်ထပ်စိန်ခေါ်မှုတစ်ခုပါပဲ။ ဒါတွေအပြင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခက်အခဲတွေလည်း ရှိနေပါသေးတယ်။

### လုံခြုံစိတ်ချရသည့်အခြေအနေတွင် မရှိ

ယူနီဆက်ဖ်ရဲ့ ပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ်ကတော့ ဂါဇာဒေသဟာ မိခင်နဲ့ကလေးတွေအတွက် လုံခြုံစိတ်ချရတဲ့ အခြေအနေမှာမရှိဘူးလို့ ပြောပါတယ်။ ကလေးငယ်ငယ်လေးရှိတဲ့ လူတိုင်းအတွက် မလုံခြုံပါဘူး။ အဲဒီလူတွေကို ကူညီပေးဖို့အတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ချက်ချင်းလိုအပ်တယ်လို့လည်း ယူနီဆက်ဖ်ရဲ့ ပြောရေးဆိုခွင့်ရှိသူ တက်စ်အင်ဂရမ်က ပြောပါတယ်။ မိသားစုလိုက် ရွှေ့ပြောင်းနေထိုင်ရာမှာ ကလေးငယ်ရှိတဲ့ မိသားစုတွေမှာ အလွန်ခက်ခဲတဲ့ စိန်ခေါ်မှုတွေရှိပါတယ်။ နောက်ပြီး ကလေးငယ်တွေ အခြေခံရှင်သန်နိုင်မှုအတွက် ဘေးကင်းတဲ့ နေရာကို ရှာဖွေနိုင်ဖို့ကလည်း တကယ်ကိုပဲ မလွယ်ကူလှပါဘူး။




မိခင်တွေကို ဆေးရုံမှာ တန်းစီတွေ့ရစဉ်။

> **မိခင်တွေဟာ သူတို့ရဲ့ ကိုယ်ဝန်ဆောင်စဉ် ကျန်းမာရေးနဲ့ လုံခြုံစိတ်ချစွာ မွေးဖွားလာနိုင်ရေး စိုးရိမ်ကြရပါတယ်။ ဗုံးကြဲတိုက်ခိုက်မှုတွေကြား ကလေးငယ်ငယ်လေးကို ဘေးကင်းစွာ ပြုစုပျိုးထောင်နိုင်ဖို့ဆိုတာ နောက်ထပ်စိန်ခေါ်မှုတစ်ခုပါပဲ။ ဒါတွေအပြင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခက်အခဲတွေလည်း ရှိနေပါသေးတယ်**

ကိုးကား -အင်န်အိတ်ချ်ကေ

# ရေဘူးနှင့် ဖိနပ်မပါလျှင် ...

**မောင်အောင်**



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ ကန်ကြီးကုန်းမြေအောက်တမံတည်ဆောက်ခြင်းလုပ်ငန်းကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေစဉ်။

"ကိုအောင်ရေ... မိုးလေဝသနဲ့ ဇလဗေဒဌာနက ကြေညာထားတဲ့ ဒီသတင်း မင်းဖတ်ပြီးပြီလား။ မဖတ်ရသေးရင် ငါဖတ်ပြမယ်။"

ကျွန်တော့် အိမ်သို့ ရွာမှ ကျွန်တော့်အစ်ကိုကြီး ရောက်ရှိနေခြင်းဖြစ်သည်။ အစ်ကိုကြီးက အသက် ၈၀ ပြည့်ပြီးပြီ။ သို့သော်လည်း မျက်မှန်မပါဘဲ သတင်းစာဖတ်နိုင်သည်။

**ဝန်ထမ်းများသည် ရာသီဥတုနှင့် အလုပ်လုပ်ရ**

"ဧပြီလအတွင်း အားအနည်းငယ်ရှိသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်။" အစ်ကိုကြီး သတင်းခေါင်းစဉ်ဖတ်လိုက်ကတည်းက သည်သတင်းကို ကျွန်တော်ဖတ်ပြီးဖြစ်ပါသည်။ မဖတ်၍မရပါ။ ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ထမ်းများသည် ရာသီဥတုနှင့် အလုပ်လုပ်ရသည်။ ရာသီဥတုအခြေအနေကို မျက်ခြည်ပြတ်၍မရ။ သို့သော်လည်း အစ်ကိုကြီး အားရှိစေရန် "ဖတ်ပါအုံး အစ်ကိုကြီးရဲ့ ဘာတွေများ ရေးထားလို့လဲ"ဟု ကျွန်တော်မေးလိုက်ဖြစ်သည်။

**"အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအသင့်အတင့်မှ အားအနည်းငယ်ရှိသော အယ်လ်နီညိုအခြေအနေတွင် ရှိနေပါသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြု မော်ဒယ်များ ခန့်မှန်းချက်အရ ၂၀၂၄ ခုနှစ် ဧပြီလအတွင်း အားအနည်းငယ်ရှိသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။"**

အစ်ကိုကြီးက သတင်းစာဖတ်ပြနေရာမှ ကျွန်တော်ကိုလှမ်း၍ ကြည့်သည်။ ကျွန်တော်က စိတ်ဝင်စားစွာ နားထောင်နေမိပါသည်။

**"အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မူမမှန်ခြင်း၊ နေ့အပူချိန်များ မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ မိုးခေါင် ရေရှားခြင်း စသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။"**

**"သို့ဖြစ်ပါ၍ မိမိတို့သက်ဆိုင်ရာကဏ္ဍများ အလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့်ပတ်သက်သည့် အခြေအနေများအား အချိန်နှင့် တစ်ပြေးညီ ဆက်လက် ထုတ်ပြန်ပေးပို့သွားမည်ဖြစ်သည်"**တဲ့။ ကဲ အဲဒီအယ်လ်နီညိုနဲ့ ပတ်သက်ပြီး မင်းတို့ ဝန်ကြီးဌာန ဘာတွေလုပ်ဖို့ အစီအစဉ်ရှိသလဲ။ ဘာတွေ လုပ်ပြီးပြီလဲ။"

အစ်ကိုကြီးက သတင်းကို ဖတ်ပြအပြီး ကျွန်တော့်ကိုကြည့်၍ မေးလိုက်ခြင်းဖြစ်သည်။

"ဒီ အယ်လ်နီညိုနဲ့ပတ်သက်ပြီး ရာသီဥတု ဖောက်ပြန်မယ်၊ မိုးခေါင်မယ်၊ ရေရှားမယ်ဆိုတာကို ကျွန်တော်တို့ဝန်ကြီးဌာနက အစောကြီးကတည်းက ကြိုတင်မျှော်မှန်းထားပါတယ်။

**သောက်သုံးရေကို ကြိုတင်စီမံဆောင်ရွက်ထား**

"ကျွန်တော်တို့ဝန်ကြီးဌာနသာမက နိုင်ငံတော် အစိုးရကိုက ပြီးခဲ့တဲ့ ဒီဇင်ဘာလကတည်းက လာမယ့် နွေရာသီမှာ မိုးခေါင်ရေရှားနိုင်တယ်။ အဲဒီတော့ အညာဒေသမှာရှိတဲ့ ပြည်သူလူထု သောက်သုံးရေ ဖူလုံစွာရရှိဖို့နဲ့ လာမယ့်နှစ် စိုက်ပျိုးရာသီမှာ စိုက်ပျိုးရေရရှိဖို့ ကျွန်တော်တို့ ဝန်ကြီးဌာနကို ကြိုပြီးစီမံခိုင်းထားပါတယ်။ ဒီအတွက်ကြောင့် ပြီးခဲ့တဲ့ သုံးလလောက်ကတည်းက ကျွန်တော်တို့ဝန်ကြီးဌာနက ကြိုတင်ပြီး စီမံဆောင်ရွက်ထားပြီးသားပါ။"

"အေး ဒီလိုဆိုတော့ ဒို့အစိုးရက အတော်လေးကို အမြော်အမြင်ကြီးမားတာပဲ။ ကဲ ပြောစမ်းပါအုံး။ အဲဒီကိစ္စကို မင်းတို့ဝန်ကြီးဌာနက ဘာတွေများ စီမံဆောင်ရွက်ထားသလဲ။"

အစ်ကိုကြီးက ကျွန်တော်၏အဖြေစကားအပေါ် စိတ်ဝင်တစားမေးလာသည်။ သည်တော့လည်း ကျွန်တော်ဖြေရတာ အားရှိပါသည်။

**သောက်သုံးရေနဲ့ စိုက်ပျိုးရေကို**
**အဓိက တာဝန်ယူလုပ်ဆောင်**

"ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှာ ဦးစီးဌာန ကိုးခုနဲ့ တက္ကသိုလ်နှစ်ခုရှိပါတယ်။ တက္ကသိုလ်နှစ်ခုကတော့ အစ်ကိုကြီးသိတဲ့အတိုင်း စိုက်ပျိုးရေးတက္ကသိုလ်နဲ့ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့ ဖြစ်ပါတယ်။ ဦးစီးဌာနတွေကတော့ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာန၊ စီမံကိန်းဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ပြီးတော့ ငါးလုပ်ငန်းဦးစီးဌာနတို့ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ သောက်သုံးရေနဲ့ စိုက်ပျိုးရေရရှိရေးကို အဓိက တာဝန်ယူလုပ်ဆောင်ပေးတာက ဆည်မြောင်းနဲ့ ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဖြစ်ပါတယ်။

"ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ယခု ၂၀၂၄ ခုနှစ် နွေရာသီပူပြင်းခြောက်သွေ့တဲ့ ကာလမှာ သောက်သုံးရေနဲ့ စိုက်ပျိုးရေလုံလောက်စွာရရှိရေး အတွက် ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ ကြိုတင် စီမံဆောင်ရွက်ထားပါတယ်။ ကချင်ပြည်နယ်မှာ ဆိုရင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ မြစ်ရေတင် လုပ်ငန်းသစ်တစ်ခုနဲ့ ရေတွင်း ၂၅ တွင်းကို စိုက်ပျိုးမြေ ဧက ၁၉၀ အတွက် စိုက်ပျိုးရေပေးဝေနိုင်ရေး ဆောင်ရွက်ခဲ့ပါတယ်။ ဒ့ါအပြင် ဆည်မြောင်း အဆောက်အအုံ ၂၀၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ၂၁ ခု လုပ်ဆောင်ပြီး စိုက်ပျိုးမြေ ဧက ၂၀၀၀၀ အတွက် စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ပေးလျက် ရှိပါတယ်။"

အလားတူ ကရင်ပြည်နယ်အတွင်းမှာ သောက်သုံးရေ ငါးတွင်း တူးဖော်ပြီး လူဦးရေ ၁၀၀၀ အတွက် သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးတဲ့အပြင် ဆည်မြောင်းအဆောက်အအုံ ၂၃ ခုကို ပြုပြင်ထိန်းသိမ်းခြင်းဖြင့် စိုက်ပျိုးမြေ ၂၆၇၂ ဧက အတွက် ရေရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒ့ါအပြင် ချောင်းပိတ်မြောင်းပိတ်လုပ်ငန်း ၂၅ ခု ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးမြေ ဧက ၆၉၈၀ ကို စိုက်ပျိုးရေ ရရှိစေခဲ့ပါတယ်။

ချင်းပြည်နယ်မှာတော့ ၂၀၂၃-၂၀၂၄ ခုနှစ်မှာ ဆည်မြောင်းအဆောက်အအုံ ၄၁ ခုကို ပြုပြင် ထိန်းသိမ်းခြင်းဖြင့် စိုက်ပျိုးမြေ ၁၇၅၈ ဧကအတွက် စိုက်ပျိုးရေပြည့်ဝစွာရရှိရေး ဆောင်ရွက်ပေးခဲ့ပါတယ်။

**ဆည်မြောင်းအဆောက်အအုံ ၄၁ ခုကို ထိန်းသိမ်း**

စစ်ကိုင်းတိုင်းဒေသကြီးမှာတော့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ ရေတင်လုပ်ငန်းသစ်တစ်ခုကနေပြီး စိုက်ပျိုးမြေ ဧက ၁၈၀၀ ကို ရေရရှိစေတဲ့အပြင်၊ ဆည်မြောင်းအဆောက်အအုံ ၄၁ ခုကို ထိန်းသိမ်း ပြုပြင်ပေးခဲ့တဲ့အတွက် စိုက်ပျိုးမြေ ဧက ၉၂၀၀၀ နှင့် လူဦးရေ ၃၄၀၀၀ အတွက် စိုက်ပျိုးရေနဲ့ သောက်သုံးရေ ပြည့်ဝစွာရရှိစေခဲ့ပါတယ်။

"ကျေးလက်တောရွာတွေမှာရှိတဲ့ ဆည်တွေ၊ ကန်တွေ ပြုပြင်ပေးမှုနဲ့ ပတ်သက်ပြီး ဟုမ္မလင်းမြို့နယ်၊ ကသာမြို့နယ်၊ ဝက်လက်မြို့နယ်၊ စစ်ကိုင်းမြို့နယ်နဲ့ ထီးချိုင့်မြို့နယ်တွေက ကျေးလက်ဆည်၊ ကန် ၁၄ ကန် ကို ပြုပြင်တည်ဆောက်ပေးခြင်းဖြင့် စိုက်ပျိုးမြေ ၅၆၈၃ ဧကအတွက် စိုက်ပျိုးရေ လုံလောက်စွာပေးဝေနိုင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။"

"အေး နောက်ပြီးတော့ရော"

ကျွန်တော်က စကားအရှည်ကြီးပြောလိုက်ရ၍ ရေနွေးကြမ်းခွက်ငှဲ့သောက်နေချိန်တွင် အစ်ကိုကြီးက အားမလို အားမရသံဖြင့် ထပ်၍မေးလိုက်ခြင်းဖြစ်သည်။

*စာမျက်နှာ ၁၇ သို့*



မြောင်းမြမြို့နယ် ပိန္နဲကုန်းကျေးရွာ Solar သောက်သုံးရေတွင်း၌ ကျေးလက်နေပြည်သူများ သောက်သုံးရေ ယူနေစဉ်။

- **"အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မူမမှန်ခြင်း၊ နေ့အပူချိန်များ မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်**
- **နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြု မော်ဒယ်များ ခန့်မှန်းချက်အရ ၂၀၂၄ ခုနှစ် ဧပြီလအတွင်း အားအနည်းငယ်ရှိသော အယ်လ်နီညို အခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်း**

*စာမျက်နှာ ၁၆ မှ*

"အစ်ကိုကြီးသိတဲ့အတိုင်း စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်မှာ သဖန်းဆိပ်ရေလှောင်တမံကြီးရှိတယ်လေ။ အဲဒီက ရေတွေကို ရွှေဘိုမှာရှိတဲ့ ကျုံးနဲ့ မဟာနန္ဒာကန်ကို ရေဖြည့်ပေးတဲ့အပြင် တူးမြောင်းတွေကတစ်ဆင့် မြို့နယ်ရှစ်မြို့နယ်က ရေကန် ၉၉ ကန်ကို ရေဖြည့်ပေးခဲ့ပါတယ်။ ဒီလိုလုပ်တဲ့အခါ ကျေးရွာအုပ်ချုပ်ရေးမှူးတွေနဲ့ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးရတာ ဖြစ်ပါတယ်။ ဒါ့အပြင် အခြားရေလှောင်တမံများရဲ့ ဆည်ရေသောက် ဧရိယာတွေမှာရှိတဲ့ ကျေးရွာရေကန်တွေကိုလည်း ရေဖြည့်ပေးခဲ့ပါတယ်။"

"စစ်ကိုင်းတိုင်းဒေသကြီးအပြင် မကွေးတိုင်းဒေသကြီးမှာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ ရေတင်လုပ်ငန်းသစ်နှစ်ခု အကောင်အထည်ဖော်ခဲ့ပြီး စိုက်ပျိုးမြေ ၉၆၄ ဧကကို စိုက်ပျိုးရေ တိုးချဲ့ပေးဝေနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဆည်မြောင်းအဆောက်အအုံ ၄၀၉ ခုကို ပြုပြင်ထိန်းသိမ်းပေးတဲ့အတွက် စိုက်ပျိုးမြေ ဧက ၂၃၉၀၀၀ ခန့်နဲ့ လူဦးရေ ၂၉၅၀ အတွက် စိုက်ပျိုးရေနဲ့ သောက်သုံးရေ ပြည့်ဝစွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

## သဲလွှာများအတွင်း ရေသိုလှောင်ထားရှိ

"မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ဝါးရှီးကျေးရွာအနီးက လင်ပန်းချောင်းရေအောက်တမံကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ တည်ဆောက်ပေးတဲ့အတွက် တမံအထက်ပိုင်းမှာရှိတဲ့ သဲလွှာများအတွင်း ရေသိုလှောင်ထားရှိပြီး ကျေးရွာနှစ်ရွာနဲ့ ကာကွယ်ရေးပစ္စည်းစက်ရုံရှိ အိမ်ထောင်စု ၆၂၄ စုမှ လူဦးရေ ၂၉၁၀ အတွက် သောက်သုံးရေ ဖူလုံစေခဲ့ပါတယ်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးခုမှ မြေအောက်တမံ စုစုပေါင်း ၁၆ ခု တည်ဆောက် ပေးနိုင်ခဲ့တဲ့အတွက် ကျေးရွာ ၃၇ ရွာနဲ့ ကာကွယ်ရေးပစ္စည်းစက်ရုံရှိ အိမ်ထောင်စု ၆၃၉၇ စုမှ လူဦးရေ ၂၉၃၈၆ ဦး အတွက် သောက်သုံးရေဖူလုံစေခဲ့ပါတယ်။

"၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဆည်၊ ကန် ကိုးခု ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့တဲ့အတွက် စိုက်ပျိုးမြေ ၁၈၈၈ ဧကနဲ့ လူဦးရေ ၄၀၇ ဦး အတွက် စိုက်ပျိုးရေနဲ့ သောက်သုံးရေဖူလုံစေခဲ့ပါတယ်။ ဒါ့အပြင် မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေလှောင်တမံများရဲ့ ရေပေးမြောင်းတွေကနေ ကျေးရွာ ၂၂ ရွာရှိ ရေကန် ၃၃ ကန်ကို ရေကူဖြည့်သွင်းပေးတဲ့အတွက် စိုက်ပျိုးမြေ ၆၂၅၅ ဧကနဲ့ လူဦးရေ ၆၈၁၆ ဦးကို အကျိုးပြုစေတာဖြစ်ပါတယ်။"

"အေး ကဲ ဟုတ်ပါပြီ။ မင်းအခုပြောတာ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနဲ့ မကွေးတိုင်းဒေသကြီးပဲရှိသေးတယ်။ ကျန်တဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေရော ရေရရှိရေး လုပ်မပေးဘူးလား။"

## စိုက်ပျိုးရေနဲ့ သောက်သုံးရေ တိုးချဲ့ပေးဝေ

"လုပ်ပေးတာပေါ့ အစ်ကိုကြီးရယ်။ ရေအကျိုး ၁၀ ပါးဆိုတာ မတောင်းဘဲနဲ့ပြည့်တဲ့ ဆုပဲကို။ မလုပ်ပေး ဘယ်ရှိပါ့မလဲ။ အထူးသဖြင့် မန္တလေးတိုင်းဒေသကြီး။ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာနှစ်မှာ မန္တလေးတိုင်းဒေသကြီးအတွင်း ရေတင်လုပ်ငန်းသစ်တစ်ခုနဲ့ စက်ရေတွင်း ငါးတွင်း တူးဖော်ပေးတာကြောင့် စိုက်ပျိုးမြေ ၁၀၃၂ ဧကနဲ့ လူဦးရေ ၂၀၀ အတွက် စိုက်ပျိုးရေနဲ့ သောက်သုံးရေ တိုးချဲ့ပေးဝေနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဆည်မြောင်းအဆောက်အအုံ ၆၆၈ ခုကို ပြုပြင်ထိန်းသိမ်းခြင်း လုပ်ပေးတဲ့အတွက် စိုက်ပျိုးမြေဧက ၄၃၃၀၀၀ ခန့်နဲ့ လူဦးရေ ၇၉၅၁ ဦးအတွက် စိုက်ပျိုးရေနှင့် သောက်သုံးရေ ပြည့်ဝစွာ ပေးဝေနိုင်ခဲ့ပါတယ်။"

"မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်ရှိ ကန်ကြီးကုန်းတောင်ရွာ ကန်ကြီးကုန်းမြောက်ရွာနဲ့ နပွလင်ရွာတွေမှာ သောက်သုံးရေပြတ်လပ်မှု ကာကွယ်ဖို့အတွက် ကန်ကြီးကုန်းချောင်း မြေအောက်တမံကို တည်ဆောက်ပေးလျက်ရှိပါတယ်။ အဲဒီတမံဟာ ရေဂါလန် ၇၄ သန်းခန့် သိုလှောင်ထားနိုင်မှာဖြစ်ပြီး ကျေးရွာ သုံးရွာမှာရှိတဲ့ အိမ်ထောင်စု ၇၆၂ စု၊ လူဦးရေ ၃၆၄၆ ဦးအတွက် သောက်သုံးရေဖူလုံစွာ ရရှိစေမှာဖြစ်ပါတယ်။ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာနှစ်အထိ မန္တလေးတိုင်းဒေသကြီးအတွင်း ညောင်ဦးမြို့နယ်နဲ့ ကျောက်ပန်းတောင်း မြို့နယ်တွေမှာ မြေအောက်တမံ လေးခု ဆောင်ရွက်ပြီးဖြစ်တဲ့အတွက် ကျေးရွာ၂၂ ရွာရှိ အိမ်ထောင်စု ၂၆၈၈ စု လူဦးရေ ၁၀၆၅၀ အတွက် သောက်သုံးရေ ဖူလုံစေမှာဖြစ်ပါတယ်။

## တပျော်ချောင်းလျှိုပိတ်တမံ တည်ဆောက်လျက်ရှိ

ဒါ့အပြင် ကျေးလက်ဆည်၊ ကန်တွေနဲ့ ပတ်သက်ပြီး ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာနှစ်မှာ ကျေးလက်ဆည်ကန် ၁၄ ခုပြုပြင်ခဲ့တဲ့အတွက် ကျေးရွာ ၁၉ ရွာရှိ အိမ်ထောင်စု ၃၈၁၇ စုမှ လူဦးရေ ၂၀၀၈၈ ဦး အတွက် သောက်သုံးရေဖူလုံစေမှာဖြစ်ပါတယ်။ ပြီးတော့ မိတ္ထီလာမြို့နယ် ရေဝေကျေးရွာအုပ်စု အင်ပင်ဝကျေးရွာအနီးမှာရှိတဲ့ အိုင်တိုချောင်း(ခေါ်) တပျော်ချောင်းကို ပိတ်ပြီး တပျော်ချောင်းလျှိုပိတ်တမံ တည်ဆောက်လျက်ရှိပါတယ်။ အဲဒီတမံကလည်း အိမ်ထောင်စု ၃၀၀ မှာရှိတဲ့ လူဦးရေ ၁၂၀၀ အတွက် သောက်သုံးရေလုံလောက်စွာရရှိမှာဖြစ်ပါတယ်။"

ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ပဲခူးတိုင်းဒေသကြီးမှာ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာနှစ်မှာ ရေတင်လုပ်ငန်းသစ် ၁၃ ခု တိုးချဲ့ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးမြေ ၁၂၈၉ ဧကအတွက် စိုက်ပျိုးရေပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဆည်မြောင်း အဆောက်အအုံ ၃၄၅ ခုကို ပြုပြင်ထိန်းသိမ်းပြီး စိုက်ပျိုးမြေဧက ၂၀၀၀၀၀ ခန့်နဲ့ လူဦးရေ ၈၁၈ ဦးအတွက် စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိစေခဲ့ပါတယ်။ ရေရရှိစေတဲ့ နည်းလမ်းတွေထဲမှာ ချောင်းပိတ် မြောင်းပိတ် လုပ်ငန်းတွေကလည်း အရေးပါပါတယ်။ ပဲခူးတိုင်းဒေသကြီးအတွင်း ချောင်းပိတ် မြောင်းပိတ်လုပ်ငန်း ၃၂ ခု ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးမြေ ၃၄၂၂၆ ဧကအတွက် နွေရာသီမှာ စိုက်ပျိုးရေ ရရှိစေပြီး ရေငန်ဝင်ရောက်မှုကိုလည်း ကာကွယ်ပေးနိုင်ခဲ့ပါတယ်။

## ကျေးရွာရှိ သောက်သုံးရေကန်ကို ပြန်လည်တူးဖော်

ဒါ့အပြင် Quick Win (အချိန်တိုအတွင်း အောင်မြင်မှု) လုပ်ငန်းအနေနဲ့ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း၊ ညောင်လေးပင်ခရိုင်၊ ညောင်လေးပင် မြို့နယ်၊ အောင်းကြီး ၂ ချောင်း ဧရိယာ စိုက်ပျိုးရေရရှိရေးလုပ်ငန်းနဲ့ ဇီးဖြူဘုရားရိုးဧရိယာ စိုက်ပျိုးမြေ ဧက ၃၅၀၀ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ခဲ့ပါ တယ်။ ပြီးတော့ ပန်းတောင်းမြို့နယ် တောင်ဘွေ ကျေးရွာအုပ်စုရှိ အိမ်ထောင်စု ၂၄၇ စု လူဦးရေ ၈၁၈ ဦးအတွက် သောက်သုံးရေရှားပါး ပြတ်လပ်မှု မရှိစေရေး၊ ငါးမျက်နှာ(ရွာလေး) ကျေးရွာရှိ သောက်သုံးရေကန်ကို ပြန်လည်တူးဖော်ပြီး ရေသိုလှောင်ထားရှိပါတယ်။

ကျွန်တော်တို့ဝန်ကြီးဌာနက မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးတွေမှာလည်း စိုက်ပျိုးရေနဲ့ သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အထူးသဖြင့် မွန်ပြည်နယ်မှာ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာနှစ်မှာဆည်မြောင်း အဆောက်အအုံပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်း ၅၁ ခု ဆောင်ရွက်ပေးမှုကြောင့် စိုက်ပျိုးမြေ ဧက ၁၉၀၀၀ ခန့်နဲ့ လူဦးရေ ၁၁၁၅၅ ဦးအတွက် စိုက်ပျိုးရေနဲ့ သောက်သုံးရေရရှိစေခဲ့ပါတယ်။ ဒါ့အပြင် နွေရာသီကာလ စိုက်ပျိုးရေရရှိဖို့အတွက် ချောင်းပိတ် မြောင်းပိတ်လုပ်ငန်း ၅၂ ခုဆောင်ရွက်ပေးခဲ့တဲ့အတွက်စိုက်ပျိုးမြေ ၇၀၄၂ ဧကအတွက် စိုက်ပျိုးရေရရှိခဲ့ပါတယ်။

ရခိုင်ပြည်နယ်မှာတော့ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာနှစ်မှာ ဆည်မြောင်းအဆောက်အအုံ ၃၃ ခု ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့တဲ့အတွက် စိုက်ပျိုးမြေဧက ၂၇၀၀ အတွက် စိုက်ပျိုးရေ ပြည့်ဝစွာရရှိစေတဲ့အပြင် မြို့နယ် ခုနစ်ခုမှာ လျှိုပိတ်တမံ ခြောက်ခုနဲ့ သောက်သုံးရေကန် တစ်ကန် တူးဖော်ပေးခဲ့တဲ့အတွက် လူဦးရေ ၂၈၆၄၁ ဦးအတွက် သောက်သုံးရေရရှိရေး ဆောင်ရွက်နိုင်ခဲ့ပါတယ်။

"တနင်္သာရီတိုင်းဒေသကြီးမှာတော့ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာနှစ်မှာ ဆည်မြောင်း အဆောက်အအုံ ၂၀ ကို ပြုပြင်ထိန်းသိမ်းခဲ့တဲ့အတွက် စိုက်ပျိုးမြေ ၂၂၄၇ ဧကနဲ့ လူဦးရေ ၇၀၀၀ အတွက် စိုက်ပျိုးရေနဲ့ သောက်သုံးရေပြည့်ဝစွာ ပေးဝေနိုင်ရေး ဆောင်ရွက်ပေးခဲ့ပါတယ်။ အလားတူ ချောင်းပိတ်မြောင်းပိတ်လုပ်ငန်း ၃၆ ခုကနေ စိုက်ပျိုးမြေ ၈၄၅ ဧကအတွက် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။"

"ရှမ်းပြည်နယ်မှာလည်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ စိုက်ပျိုးရေတွင်းနှစ်တွင်းနဲ့ သောက်သုံးရေတွင်း ၁၀ တွင်း တူးဖော်ပေးခဲ့ပြီး စိုက်ပျိုးမြေဧက ၂၀ နဲ့ လူဦးရေ ၂၀၀၀ အတွက် စိုက်ပျိုးရေနဲ့ သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးခဲ့ပါတယ်။ ပြည်နယ်အတွင်းမှာရှိတဲ့ ဆည်မြောင်းအဆောက်အအုံ ၁၅၀ ကို ထိန်းသိမ်းပြုပြင်ခြင်းဆောင်ရွက်ခဲ့တဲ့အတွက် စိုက်ပျိုးမြေ ဧက ၁၃၈၀၀၀ နဲ့ လူဦးရေ ၃၇၂၁၁ ဦးအတွက် စိုက်ပျိုးရေနဲ့သောက်သုံးရေ ပြည့်ဝစွာ ပေးဝေနိုင်ရေး ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် ချောင်းပိတ်မြောင်းပိတ်လုပ်ငန်း ၅၀ ကနေပြီး နွေရာသီကာလ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။"

## ရေငန်ဝင်ရောက်မှုကို ကာကွယ်တားဆီးနိုင်ခဲ့

"ရေရရှိရေး ဆောင်ရွက်ပေးခဲ့တဲ့အပိုင်းမှာ ရန်ကုန်တိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးကလည်း ချန်လှပ်ထားလို့မရပါဘူး။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေတင်လုပ်ငန်းသစ် သုံးခုနဲ့ သောက်သုံးရေတွင်း ခုနစ်တွင်း အသစ်တူးဖော်ပေးခဲ့တဲ့အတွက် စိုက်ပျိုးရေနဲ့ သောက်သုံးရေတိုးချဲ့ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဆည်မြောင်းအဆောက်အအုံ ၂၅၁ ခု ထိန်းသိမ်း ပြုပြင်ခဲ့တဲ့အတွက် စိုက်ပျိုးမြေ ဧက ၁၂၄၀၀၀ နဲ့ လူဦးရေ၁၅၁၄၀၀ အတွက် စိုက်ပျိုးရေနဲ့ သောက်သုံးရေ ပြည့်ဝစွာပေးဝေနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ချောင်းပိတ်မြောင်းပိတ်လုပ်ငန်း ၆၈ ခု ဆောင်ရွက်ခဲ့တဲ့အတွက် နွေရာသီမှာ စိုက်ပျိုးမြေ ၇၄၄၉၃ ဧကကို ရေရရှိရေးဆောင်ရွက်ပေးနိုင်တဲ့အပြင် ရေငန်ဝင်ရောက်မှုကိုလည်း ကာကွယ်တားဆီးနိုင်ခဲ့ပါတယ်။"

ဧရာဝတီတိုင်းဒေသကြီးဟာလည်း မြစ်ဝကျွန်းပေါ် ဖြစ်ပေမယ့် စိုက်ပျိုးရေနဲ့ သောက်သုံးရေရရှိရေးဆောင်ရွက်ပေးရတဲ့ ဒေသတွေထဲမှာ ပါဝင်ပါတယ်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ စိုက်ပျိုးရေတွင်း ၈၃ တွင်းနဲ့ သောက်သုံးရေတွင်း ၃၆ တွင်း တူးဖော်ပြီး စိုက်ပျိုးမြေ ၄၁၅ ဧက လူဦးရေ ၇၂၀၀ အတွက် စိုက်ပျိုးရေနဲ့ သောက်သုံးရေတိုးချဲ့ပေးဝေနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဆည်မြောင်းအဆောက်အအုံ ၉၅ ခုကို ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး စိုက်ပျိုးမြေ ဧက ၂၃၉၀၀၀ စိုက်ပျိုးရေ ပြည့်ဝစွာ ပေးဝေနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ချောင်းပိတ် မြောင်းပိတ်လုပ်ငန်း ၄၂ ခု ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးမြေ ၁၃၆၃၃ ဧကခန့်ကို နွေရာသီရေရရှိရေးနဲ့ ရေငန်ဝင်ရောက်မှု ကာကွယ်ရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကွင်းကြီးရွာမှာ သောက်သုံးရေကန် တူးဖော်ပေးတဲ့အတွက် လူဦးရေ ၇၈၀ အတွက် သောက်သုံးရေလုံလောက်စွာရရှိဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် ကန်ကြီးထောင့်မြို့နယ်၊ အင်္ဂပူမြို့နယ်၊ ဘိုကလေးမြို့နယ်တို့ရှိ ချောင်းများ၊ ရိုးများ၊ ရေနုတ်မြောင်းများပေါ်မှာ ရေတံခါး၊ ရေထိန်း၊ ရေမြှင့်အဆောက်အအုံ ခုနစ်ခု တည်ဆောက်ပေးပြီး စိုက်ပျိုးမြေ ၁၂၃၁ ဧကကို စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလားတူ မြို့နယ်ရှစ်မြို့နယ်မှာရှိတဲ့ ရေတံခါးဟောင်း ၂၄ ခု ပြုပြင်ပေးခြင်းဖြင့် စိုက်ပျိုးမြေ ဧက ၁၃၃၉၀ ကို စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးဆောင်ရွက်ပေးလျက်ရှိတဲ့အပြင် ဖျာပုံမြို့နယ် ကြက်ဖမွေးဇောင်းကျွန်းပတ်တာအတွင်း ရေချိုရရှိရေးအတွက် မမိုးသူရေသွင်းတံခါးတည်ဆောက်ခြင်းနဲ့ ရေချိုသွင်းမြောင်း ၁၃ မြောင်း တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်တဲ့အတွက် နွေစပါးဧက ၃၀၀၀ နဲ့ နွေသီးနှံ ၁၈၅၄ ဧက အကျိုးပြုစိုက်ပျိုးနိုင်မှာဖြစ်ပါတယ်။

## ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးမှာ စိုက်ပျိုးရေနဲ့ သောက်သုံးရေရရှိရေး ဆောင်ရွက်ပေး

"အေးကွာ မင်းရှင်းပြရတဲ့အလိုအရဆိုရင်တော့ မင်းတို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးလိုလိုမှာ စိုက်ပျိုးရေနဲ့ သောက်သုံးရေ ရရှိရေး ဆောင်ရွက်ပေးနေတာပဲ။ အဲဒါနဲ့ နေပြည်တော်ကောင်စီနယ်မြေမှာရော ရေရရှိရေး ဆောင်ရွက်ပေးရသေးလား။"

အစ်ကိုကြီးက ကျွန်တော့်စကားများအပေါ် သုံးသပ်ရင်း ကျန်ရှိမည်ဟု သူထင်နေသည့် နေပြည်တော်ကောင်စီနယ်မြေအတွက် မေးလာခြင်းဖြစ်သည်။

"ပေးရတာပေါ့ အစ်ကိုကြီးရယ်။ နေပြည်တော်ကောင်စီနယ်မြေမှာလည်း ကျွန်တော်တို့ ပြည်သူတွေ၊ ဝန်ထမ်းတွေ၊ တိုင်းရင်းသားတွေ နေနေကြတာပဲလေ။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေတင်လုပ်ငန်းသစ်တစ်ခုနဲ့ စက်ရေတွင်း ၁၁ တွင်း တူးဖော်ပေးခဲ့တဲ့အတွက် စိုက်ပျိုးမြေ ၄၃၅ ဧကနဲ့ လူဦးရေ ၂၀၀ အတွက် စိုက်ပျိုးရေနဲ့ သောက်သုံးရေ တိုးချဲ့ပေးဝေနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဆည်မြောင်းအဆောက်အအုံ ၁၇၆ ခုကို ထိန်းသိမ်းပြုပြင်ပေးနိုင်ခဲ့လို့စိုက်ပျိုးမြေ ဧက ၃၄၀၀၀ ခန့်ကို စိုက်ပျိုးရေ အပြည့်အဝပေးနိုင်ခဲ့ပါတယ်။ ချောင်းပိတ် မြောင်းပိတ်လုပ်ငန်း ၁၀ ခု ဆောင်ရွက်ခြင်းကလည်း နွေရာသီကာလ စိုက်ပျိုးရေရရှိရေးအတွက် တစ်တပ်တစ်အား ဖြစ်ခဲ့ပါတယ်။"

"နေပြည်တော်ကောင်စီနယ်မြေကို စတင်တည်ဆောက်ခဲ့တဲ့၊ နေရာရွေးချယ်ခဲ့တဲ့ နိုင်ငံတော်အကြီးအကဲများရဲ့ အမြော်အမြင်ကြီးမားမှုကိုလည်း ဒီနယ်မြေ နွေရာသီမှာ ရေရှားပါးမှု မဖြစ်ပေါ်စေတာဖြစ်ပါတယ်။ ငလိုက်ရေလှောင်တမံ၊ ချောင်းမကြီးရေလှောင်တမံ၊ ချောင်းမငယ်ရေလှောင်တမံတို့မှ အဆင့်ဆင့် ဆင်အုံကန်ထဲကို ရေကူဖြည့်ပေးပြီး ဆင်အုံကန်ကတစ်ဆင့် ရုံး၊ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကနေအိမ်များသို့ နေ့စဉ်ရေဂါလန် ၁၁ ဒသမ ၅၅ သန်း ဖြန့်ဝေပေးလျက်ရှိပါတယ်။ ဒါ့အပြင် ရေဆင်းရေလှောင်တမံ၊ ကင်းသာရေလှောင်တမံနဲ့ တောက်ပြုရေလှောင်တမံတို့ကလည်း မြို့ပြနဲ့စက်မှုလုပ်ငန်းသုံး ရေထုတ်ယူသုံးစွဲနေတာဖြစ်ပါတယ်။ စိုက်ပျိုးရေနဲ့ ပတ်သက်ပြီးလည်း ဒီဆည်ရေလှောင်တမံတွေက ရေပေးမြောင်းများမှတစ်ဆင့် ရေပေးဝေလျက်ရှိပြီး မုန်ရေထိန်းတံခါးမှလည်း နွေစပါးအတွက် စိုက်ပျိုးရေပေးဝေရင်း ရေပေးမြောင်းများမှ နောင်အိုးဘိုကန်သို့ သောက်သုံးရေပါဖြန့်ဝေပေးလျက်ရှိပါတယ်။"

*စာမျက်နှာ ၁၈ သို့*

# ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

## ကင်းလွတ်ခွင့်

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည် -

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

## လျှော့ပေါ့ခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
(ခ) နိုင်ငံ့ဝန်ထမ်းများ။
(ဂ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
(စ) ထောင်ဒဏ်ကျခံနေသူများ။

# ခရမ်းလွန်ရောင်ခြည်အန္တရာယ်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသည့်အချိန်များတွင် ခရမ်းလွန်ရောင်ခြည်နှင့် ထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုမဲလာခြင်းတို့ကို ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလ ကြာလာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်မီအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းလာခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

၁။ ခရမ်းလွန်ရောင်ခြည် မြင့်မားစွာကျရောက်နိုင်သည့် နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်းတွင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။
၂။ အပြင်ထွက်ပါက မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့မိစေရန် မျက်နှာ၊ လည်ပင်းနှင့် ပခုံးတို့ကိုပါလုံခြုံသော ထီး၊ ဦးထုပ်စသည်တို့ကို ဆောင်းသွားပါ။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူ မဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်းထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို ၉၉ ရာခိုင်နှုန်းအထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုတပ်ဆင်ပါ။
၃။ အဝတ်ကင်းလွတ်နေသော လက်၊ လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်) SPF ၁၅+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ (၁၅)မိနစ်ခန့်ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး (၂)နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။
၄။ ကလေးငယ်များနှင့်သက်ကြီးဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။ အသက်တစ်နှစ်အောက် ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်း မပြုပါနှင့်၊ ကလေးများကို အရိပ်ထဲတွင်သာ ကစားစေပါ။

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ**



*စာမျက်နှာ ၁၇ မှ*

"အေးပါကွာ မင်းတို့ဝန်ကြီးဌာနက နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့ အခုလို နွေရာသီမှာ ရေရှားပါးမှုမဖြစ်ပေါ်စေရေး ကြိုတင်တွက်ဆထားပြီး ဆောင်ရွက်ထားတာသိရတော့ အားရစရာပါကွာ။ အဲဒါနဲ့ ဒီရေကို ရှာပေးတဲ့လူတွေက ရှာပေးသလို သုံးစွဲတဲ့သူတွေဘက်ကလည်း စနစ်တကျ အလေအလွင့်မရှိအောင် သုံးစွဲတတ်ကြဖို့လိုတယ်ကွ။ ဒါနဲ့ပတ်သက်ပြီးရော မင်းတို့ဝန်ကြီးဌာနက ဘာတွေလုပ်ပေးထားသေးလဲ။"

အစ်ကိုကြီးက မေးသင့်မေးထိုက်သည့် မေးခွန်းမေးလာခြင်းဖြစ်သည်။

"ရေကို စနစ်တကျသုံးစွဲရေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ဝန်ကြီးဌာနက ၂၀၂၃ ခုနှစ် ဇန်နဝါရီလကုန်အထိ ရေအသုံးချသူများအဖွဲ့ ၈၉၈၂ ဖွဲ့ကို တောင်သူဦးရေ ၂၈၇၇၉၉ နဲ့ ဖွဲ့စည်းထားခဲ့ပါတယ်။ အလားတူပဲ ရေအသုံးချသူများအသင်း ၁၀ သင်းကိုလည်း ဖွဲ့စည်းထားပါတယ်။ ဒီအဖွဲ့တွေက စိုက်ပျိုးရေသုံးစွဲရာမှာ ရေလေလွင့်ဆုံးရှုံးမှုနည်းပါးစေဖို့၊ စနစ်တကျအသုံးပြုစေဖို့နဲ့ ရေစီမံခန့်ခွဲမှုလုပ်ငန်းတွေမှာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနဲ့ ပူးပေါင်းပါဝင်ကြဖို့ပဲ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းဖြင့် ရေလေလွင့်ဆုံးရှုံးမှု နည်းပါးစေမှာဖြစ်ပါတယ်။"

ကျွန်တော်၏စကားကို အစ်ကိုကြီးက ခေါင်းညိတ်နားထောင်ကာ ပြုံးလိုက်ရင်း...

"မင်း ဟို တို့မြန်မာစကားလေးတစ်ခု မှတ်မိသေးလား"

**"ဒါနနဲ့ သီလ မပါရင် သေခါမှသိတဲ့။"** ကဲ ပြီးတော့ရော...

**"ရေဘူးနဲ့ ဖိနပ်မပါရင် နွေခါမှသိပေါ့"** အစ်ကိုကြီးရေ။ ဒီလောက်တော့မှတ်မိပါသေးတယ်။

ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် ပြောရယ် ရယ်မိလိုက်ပါသည်။ ။

## (၇) ကြိမ်မြောက် ထိုင်းနိုင်ငံ တက္ကသိုလ်ပေါင်းစုံပညာရေးပြပွဲ ကျောင်းသားကျောင်းသူ လူငယ် ၃၀၀၀ ကျော်လာရောက်လေ့လာ

**ရန်ကုန် မေ ၇**

ထိုင်းတက္ကသိုလ်ဘွဲ့ရ မြန်မာကျောင်းသားများအသင်း (AMA-UT) က ကြီးမှူးပြီး ရန်ကုန်မြို့ရှိ ထိုင်းသံရုံး၏ ပံ့ပိုးကူညီမှုဖြင့် ထိုင်းနိုင်ငံအတွင်းရှိ နိုင်ငံတကာ အဆင့်မီ တက္ကသိုလ် ၃၂ ခုတို့ ပါဝင်ပြသသည့် (၇) ကြိမ်မြောက် ထိုင်းနိုင်ငံ တက္ကသိုလ်ပေါင်းစုံ ပညာရေးပြပွဲကို မေ ၇ ရက်က ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်တွင် နံနက် ၉ နာရီမှညနေ ၄ နာရီအထိ ကျင်းပသည်။



ပြပွဲတွင် HND, GED, IGCSE results ရရှိထားပြီး ကျောင်းရွေးချယ်လိုသူများ၊ အထက်တန်းပညာရေး မအောင်မြင်သေးသည့် ကျောင်းသားများအတွက် Foundation Program အကြောင်း လေ့လာလိုသူများ၊ ထိုင်းနိုင်ငံတွင် ကျောင်းတက်ပြီး Dual Program, Exchange Program များနှင့် အခြားနိုင်ငံများ၏ ပညာရေးကို ကူးလိုသူများက မေးမြန်းဆွေးနွေးကြသည်။

စကောလားရှစ် များပေးသည့် ကျောင်းများတွင် စကောလားရှစ်အတွက် ပြင်ဆင်ရမှုများကို မေးမြန်းကြသည်။ ထိုင်းတက္ကသိုလ်များမှ ပါမောက္ခများနှင့် တာဝန်ရှိသူများထံမှ မိမိပညာရေးအတွက် အခမဲ့ဆွေးနွေးမှုများ ရယူပြီး နောက်ဆုံးပေါ် ပညာရေးလမ်းကြောင်းများ၊ နိုင်ငံတကာ Pathways အမျိုးမျိုးများကို တစ်နေရာတည်းတွင် လေ့လာကြသည်။

တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊ International students with O level, A level၊ တက္ကသိုလ် တက်ရောက်နေသူများ၊ မဟာဘွဲ့တက်ရောက်လိုသူများ၊ ပါရဂူဘွဲ့ တက်ရောက်လိုသူများအတွက် ပညာသင် ထောက်ပံ့ကြေး စကောလားရှစ်ပုံစံ အမျိုးမျိုးဖြင့် ပညာသင်ယူရန် စိတ်ဝင်စားသူများကို ဆွေးနွေးပြသထားရာ ကျောင်းသားကျောင်းသူ လူငယ်များနှင့် မိဘများအပါအဝင် လူဦးရေ ၃၀၀၀ ကျော် လာရောက်လေ့လာကြသည်။

ထို့အပြင် ထိုင်းနိုင်ငံ တက္ကသိုလ်များသို့ လေ့လာရေးခရီးစဉ်အဖြစ် မေ ၂၈ ရက်တွင် ခုနစ်ညအိပ် ရှစ်ရက်ခရီးစဉ်အဖြစ် ချင်းမိုင်၊ ချင်းရိုင်၊ ဘန်ကောက်မြို့များရှိ တက္ကသိုလ်ကိုးခုသို့ MAI လေကြောင်းလိုင်းဖြင့် သွားရောက်လေ့လာကြမည်ဖြစ်ရာ ကျောင်းသားကျောင်းသူ လူငယ်များနှင့် မိဘများ လိုက်ပါလိုပါက Myanmar Adviosry Services ဖုန်း-၀၉၄၂၂၅၂၂၆၂၅ သို့ ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား


[illegible] တနင်္လာနေ့

MRTV

[illegible] This Week's Special Interest

[illegible] Economic Review

[illegible] MRTV National News

[illegible]

mitv

07:01 Evergreen Classic: Than Thayar Kayee Thel (Ei Ei Chon)
07:08 Journey To The Mogok (Part-2)
07:35 Let's Taste Delicious Insects: Red Ant Spaghetti & Crickets, Soy Chips & Fragrant Root Curry
08:01 News
08:26 Asia Updates: Embracing Talent
08:30 Myanmar Traditional Snacks (Shwe Yin Aye)
08:36 Myanmar Childhood Games (Episode-3)
08:46 Thingyan Songs & Dances
09:01 His Life and His Art: Myanmarpyi Thein Tan- The Legendary Musician (Epi- 6) 1989-Up to Now
09:36 Discovering Tribes: Taung Yoe (Their Life and Customs)
10:01 News

MRTV NRC

[illegible] NRC [illegible]

MRTV News

[illegible] Weekly Selected News
[illegible] (LIVE)
[illegible] MRTV National News
[illegible] (LIVE)

MRTV Entertainment

[illegible]

MRTV H Channel

[illegible] Rose-Queen of Flowers-Go Wild
[illegible] Day in the Life of a Small Farm
[illegible]

MRTV H Sports

[illegible] Sports Max
[illegible] MNL 2022 Match (Replay)
[illegible] Weekly Sports Info

MRTV Application

Android iOS Huawei

Education Channel [illegible]


# နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဌာနဆိုင်ရာ သင်္ကြန်ယိမ်းအဖွဲ့များ ရိုက်ကူးရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၇**

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ ဆောက်လုပ် ပြင်ဆင်လျက်ရှိသည်။



နေပြည်တော် - တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အနေဖြင့်လည်း "ခါသင်္ကြန်အဆိုအက" အစီအစဉ်ကို ယခင်နှစ်များနည်းတူ တင်ဆက်နိုင်ရေး သင်္ကြန်ယိမ်းအဖွဲ့များဖြင့် ရိုက်ကူးရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက နေပြည်တော်-တပ်ကုန်းရှိမြန်မာ့အသံနှင့်ရုပ်မြင်သံကြား Auditorium ခန်းမတွင် ကျန်းမာရေးဝန်ကြီးဌာန၊ ဗမ္ဗူသီရိခတင် (၅၀)ဆံ့ဆေးရုံ၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်တိုင်း ပညာရေးမှူးရုံးနှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ မှုခင်းရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးချုပ်နှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ သင်္ကြန်ယိမ်းအဖွဲ့များသည် သင်္ကြန်တေးသီချင်းများဖြင့် ရိုက်ကူးရေးပြုလုပ်ခဲ့ကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်သို့လည်း တစ်ဆက်တည်း ဝင်ရောက်ကြည့်ရှုလေ့လာကြသည်။

ထို့ပြင် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သင်္ကြန်ယိမ်းအဖွဲ့များသည် သင်္ကြန်တေးသီချင်းများဖြင့် ရိုက်ကူးရေး ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## အမှန်တကယ်ကြည့်မည့်အချိန်၌သာ တီဗွီကိုဖွင့်ပါ ကြည့်သူမရှိဘဲအချိန်ပြည့်ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ


**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဇော်ပိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News


# မလှိုင်မြို့၌ ၂၀၂၄ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ ကျင်းပ

**မလှိုင် ဧပြီ ၇**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့ အမှတ်(၂)ရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်း၌ ၂၀၂၄ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ဧပြီ ၃ ရက်မှ စတင်ကာ ကျင်းပလျက်ရှိသည်။

အဆိုပါ ပါဠိပထမပြန်စာမေးပွဲတွင် စာဖြေသံဃာနှင့် သီလရှင် ၆၈ ပါး ဖြေဆိုလျက်ရှိရာ စာဖြေသံဃာတော်များနှင့် သီလရှင်များ၊ စာမေးပွဲကြီးကြပ်ဆရာတော်များအား အလှူရှင်များက နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပါဠိပထမပြန်စာမေးပွဲဖြေဆိုနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် တာဝန်ရှိသူများက စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေး ဧပြီ ၄ ရက်က သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ဧပြီ ၃ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြထွန်း(မလှိုင်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇ - ၄ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၀၀ ကျပ် | ၂၄၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၄၅ ကျပ် | ၂၄၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၉၅ ကျပ် | ၂၈၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၉၁၅ ကျပ် | ၂၉၆၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၄၀၀ | ၈၄၀၀ | ၁၆၂၅ | ၁၃၆၄၅၀၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၁၀၉၁ | ၃၁၅၈၀၅၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၂ | ၁၅၄၀၀ |
| FPB | ၁၄၅၀ | ၁၅၀၀ | ၄၈ | ၆၉၇၅၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၁၀ | ၂၅၀၀၀ |
| EFR | ၁၇၀၀ | ၁၇၅၀ | ၁၂၄ | ၂၁၂၀၀၀ |
| AHPC | ၄၇၀၀ | ၄၆၀၀ | ၅၄ | ၂၄၃၆၀၀ |
| MAEPC | ၁၈၅၀ | ၁၈၀၀ | ၃ | ၅၅၀၀ |

# ဒီရေတောဂေဟစနစ်များ ဟန်ချက်ညီစွာ ထိန်းသိမ်းခြင်းဖြင့် ရလဒ်ကောင်းများ ဖော်ဆောင်



ဟံသာညို(ပဲခူး)

၂၀၁၉ ခုနှစ် စစ်တမ်းများအရ သစ်တော ဧကပေါင်း ၅၀၀၀၀၀ ကျော်ရှိသော မြန်မာနိုင်ငံသည် အိန္ဒိယကျွန်းဆွယ်တွင် ဒီရေတောပမာဏ ဒုတိယအများဆုံးသော နိုင်ငံဖြစ်သည်။ ဒီရေတောပမာဏ အများဆုံးရှိသော နိုင်ငံမှာ အင်ဒိုနီးရှား နိုင်ငံဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်တစ်လျှောက် ကမ်းရိုးတန်း ကီလိုမီတာ ၂၀၀၀ တစ်လျှောက်တွင် ဒီရေတောများ ပေါက်ရောက်ပြီး ရခိုင်၊ ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ ဒီရေတောများ ကျယ်ပြန့်စွာ ပေါက်ရောက်ကြသည်။

ဒီရေတောမျိုးစိတ် ၇၀ အနက် မြန်မာ နိုင်ငံတစ်ခုတည်းတွင် ၃၄ မျိုးရှိသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် အကြီးဆုံး ဒီရေတောပမာဏကို တွေ့ရှိနိုင်သည်။ သို့သော်လည်း မြန်မာနိုင်ငံတွင် ရှင်သန်ပေါက်ရောက်ရာ နေရာများဆုံးရှုံးခြင်းကြောင့် ဒီရေတောများ ပြုန်းတီးမှုအန္တရာယ်ကို ရင်ဆိုင်နေရသည်။

ဒီရေတောများသည် ရေနေနှင့် ကုန်းနေမျိုးစိတ်များအတွက် အရေးပါသော ပတ်ဝန်းကျင်ဖြစ်သည်။ ၎င်းတို့သည် ငယ်ရွယ်သော ရေနေမျိုးစိတ်များ ဖြစ်သည့် ရေငန်မိကျောင်း (Crocodylus porosus)၊ မျိုးသုဉ်းပျောက်ကွယ် လုနီးပါးဖြစ်နေသည့် ခြေလေးချောင်းလိပ် (Batagur baska) တို့၏ နားခိုရာနှင့် ရှင်သန်ကြီးထွားရာနေရာဖြစ်ပြီး ဥပန်းငှက် (Anhinga melanogaster)၊ ကျီးကောင် (Microcarbo niger)၊ ကျောက်တန်းဗျိုင်း heron (Egretta gularis) နှင့် ဗျိုင်း (Ardea cinerea) ကဲ့သို့သော ရေငှက်မျိုးစိတ်များစွာအတွက် နားခိုကျက်စားရာ ပတ်ဝန်းကျင်တစ်ခုဖြစ်သည်။ ထို့ပြင် ဒီရေတောများသည် ဇီဝအကာအကွယ်တစ်ခုသဖွယ် တည်ရှိပြီး မုန်တိုင်းအန္တရာယ်၊ ရေကြီးခြင်းနှင့် ဆူနာမီကဲ့သို့သော သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ခြင်း၊ ရေတိုက်စားမှုကို ထိန်းချုပ်ခြင်း၊ အနည်အနှစ်များစုပုံ ခြင်းနှင့် ဒေသခံပြည်သူများ၏ စားနပ်ရိက္ခာဖူလုံမှုကို လုပ်ဆောင်ပေးခြင်းစသည့် အဖိုးတန်ဂေဟစနစ်ဝန်ဆောင်မှုများဖြင့် ပံ့ပိုးပေးပါသည်။

**❝ ဒီရေတောများကို ထိန်းသိမ်းခြင်းသည် ရေရှည်တည်တံ့သော ဂေဟစနစ်ကို ဖော်ဆောင်ရာတွင် အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ဒီရေတောနှင့် လိုက်လျောညီထွေရှိသော ငါး ပုစွန် မွေးမြူ စိုက်ပျိုးခြင်းသည် ဒီရေတောပြုန်းတီးမှုကို ရှောင်ရှားရန်နှင့် ဒီရေတောသယံဇာတများကို အကျိုးရှိစွာ အသုံးချခြင်းဖြစ်သည့် ထိရောက်သော နည်းလမ်းများထဲမှ တစ်ခုဖြစ် ❞**

မြန်မာ့ဒီရေတောများသည် လေထုမှ ဖန်လုံအိမ်ဓာတ်ငွေ့ပမာဏအများအပြားကို လျှော့ချပေးနိုင်ပြီး ရာသီဥတုပြောင်းလဲမှု လျော့နည်းစေရေးအတွက် အရေးပါသော အရင်းအမြစ်တစ်ခု ဖြစ်လာသည်။ ဒီရေတောများသည် အနီးနားရှိလူနေထူထပ်သော ဒေသများကို မုန်တိုင်းလှိုင်းနှင့် ပြင်းထန်သော ရာသီဥတုဒဏ်မှ အကာအကွယ်ပေးသည်။ ၎င်းတို့သည် ဒေသခံပြည်သူများ အထူးသဖြင့် စားဝတ်နေရေးနှင့် ဝင်ငွေအတွက် အားကိုးရသော မြေယာမဲ့ အလုပ်သမားများအတွက် အသက်သွေးကြော တစ်ခုအဖြစ် ဆောင်ရွက်ပေးပါသည်။ အဆိုပါ လူ့အဖွဲ့အစည်းများသည် သယံဇာတအမျိုးမျိုးအတွက် ဒီရေတောများပေါ်တွင် မှီခိုနေရသည်။ မီးသွေး၊ ငါး၊ ကဏန်းနှင့် ပုစွန်ကဲ့သို့သော ဒီရေတောထွက်ကုန်များ ရောင်းချခြင်းဖြင့် ရရှိသည့်ဝင်ငွေသည် အိမ်ထောင်စုဝင်ငွေ စုစုပေါင်း၏ ၄၃ ရာခိုင်နှုန်းခန့်ရှိသည်။ ၎င်းပမာဏသည် ဒီရေတောဧရိယာထိန်းသိမ်းရေးနှင့် ၎င်းအပေါ် မှီခိုနေသော ရပ်ရွာများ၏ သာယာဝပြောရေးအတွက် ထည့်သွင်းစဉ်းစားရမည့်အချက်ဖြစ်သည်။ မြန်မာနိုင်ငံရှိ ဒီရေတောများ ဆုံးရှုံးခြင်းသည် လူသားများ၏ စားဝတ်နေရေး၊ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်စေပြီး ဒီရေတောတွင် မှီခိုနေသော တောရိုင်းတိရစ္ဆာန်များ၏ နေထိုင်စားသောက်ရာ စားကျက်မြေများ ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။

**ဒီရေတောဂေဟစနစ်တွေ့နိုင်သည့် နေရာများ**

ဒီရေတောဂေဟစနစ်ကို ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီကမ်းရိုးတန်းဒေသ အစရှိသည့် ဒေသသုံးခုတွင် တွေ့ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ်ဒေသရှိ ဒီရေတောများကို စတုရန်းကီလိုမီတာ ၃၅၀၀၀ (စတုရန်းမိုင် ၁၃၅၀၀) ကျော် ကျယ်ဝန်းသော ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသတွင် ဒီရေတော မျိုးစိတ် ၂၉ မျိုး တည်ရှိရာ ယင်းဒေသသည် အာရှ၏ အရှုပ်ထွေးဆုံး ဒီရေတောစနစ်ဖြစ်သည်။ သို့သော် အဆိုပါဒေသသည် မကြာသေးမီ ဆယ်စုနှစ်များအတွင်း ဒီရေတောများ လျင်မြန်စွာဆုံးရှုံးမှုနှင့် ကြုံတွေ့နေရပြီး ဒီရေတော၏ ၇၀ ရာခိုင်နှုန်းအထိ ဆုံးရှုံးခဲ့သည်။ ဒီရေတောများကို ရှင်းလင်းပြီး စိုက်ပျိုးမြေများအဖြစ် ပြောင်းလဲခြင်း၊ ငါး ပုစွန်မွေးမြူရေးကန်များအဖြစ် ဖော်ဆောင်ခြင်း၊ ထင်းနှင့် မီးသွေးထုတ်လုပ်ရန်အတွက် မဆင်မခြင် ခုတ်ထွင်ခြင်းတို့သည် ဒီရေတောများ ပြုန်းတီးရခြင်း၏ အကြောင်းရင်းများပင် ဖြစ်သည်။

ရခိုင်ဒီရေတောများသည် ရခိုင်ကမ်းရိုးတန်း၏ ဒီရေလွှမ်းမိုးမှု အသင့်အတင့်ရှိသော ဗုန်နေရာတွင် တည်ရှိသည်။ မြိုင်ကြီးပင် (Bruguiera hainesii) နှင့် လဘပင် (Sonneratia griffithii) ကဲ့သို့သော မျိုးသုဉ်းလုနီးပါး ဒီရေတောအပင်မျိုးစိတ်များ အပါအဝင် အနည်းဆုံး မျိုးစိတ် ၂၈ မျိုး ပေါက်ရောက်သည်။ ရခိုင်ပြည်နယ်တွင် ပင်လယ်ရေထိန်းနံရံများ တည်ဆောက်ခြင်း၊ တရားမဝင်သစ်ခုတ်ခြင်း၊ အုတ်တံတိုင်း တည်ဆောက်ခြင်းနှင့် အပင်အခေါက်ခွာခြင်းတို့ကြောင့် ကျယ်ပြန့်သော ဒီရေတောများ ပျက်စီးယိုယွင်းလာရသည်။ အချိန်အလိုက် တိုင်းတာထားသော သစ်ပင်အညွှန်းကိန်းများ၏ အကဲဖြတ်ချက်အရ ၂၀၂၂ ခုနှစ်မှ စတင်ကာ ဂေဟစနစ်၏ ဆုတ်ယုတ်မှုကို တွေ့ရှိရပြီး ယင်းဂေဟနစ်၏ ၄၀ ရာခိုင်နှုန်းသည် ၂၀၅၀ ပြည့်နှစ်တွင် ပျက်သုဉ်းသွားလိမ့်မည်ဟု ခန့်မှန်းထားသည်။

သက်တမ်းရင့် ဒီရေတောအများအပြားကို မြန်မာနိုင်ငံ၏တောင်ပိုင်းဒေသဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီးတွင် တွေ့ရှိနိုင်သည်။ မြိတ်ကမ်းရိုးတန်းဇုန်ရှိ ဒီရေတောများသည် တနင်္သာရီမြစ်ဝကျွန်းပေါ်ဒေသများတွင် တည်ရှိကြသည်။ သို့သော်လည်း အဆိုပါဒီရေတောများသည် သဘာဝအနှောင့်အယှက်များနှင့် ပတ်ဝန်းကျင်ကို ပြောင်းလဲညစ်နွမ်းစေသည့် လူသားများ၏ လုပ်ဆောင်မှုများကြောင့် ကြီးမားသော ပျက်စီးယိုယွင်းမှုကို ကြုံတွေ့နေရပါသည်။

**ဒီရေတောပြုန်းတီးစေသည့် အကြောင်းများ**

ဒီရေတောပြုန်းတီးရခြင်း၏ အဓိကအကြောင်းအရင်းများမှာ ဆီအုန်းစိုက်ပျိုးခြင်း၊ ငါး ပုစွန် မွေးမြူခြင်းနှင့် စပါးထုတ်လုပ်ခြင်း စသည့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းတို့ဖြစ်သည်။ National University of Singapore ၏ အဆိုအရ မြန်မာနိုင်ငံရှိ ဒီရေတောအားလုံး၏ ၆၀ ရာခိုင်နှုန်းကျော်သည် အနှစ် ၂၀ အတွင်း အခြားသော အသုံးပြုမှုပုံစံများသို့ အမြဲတမ်း သို့မဟုတ် ယာယီအဖြစ်သို့ ပြောင်းလဲခဲ့သည်။ ယင်းလုပ်ဆောင်ချက်အမျိုးမျိုး၏ အကျိုးဆက်များအနေဖြင့် ဒီရေတောပြုန်းတီးမှုသည် မြန်မာနိုင်ငံတွင် အရေးကြီးသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ရပ်အဖြစ် ထည့်သွင်း သတ်မှတ်ထားပါသည်။

**လူသားတို့၏ ကောင်းကျိုးကို ဖော်ဆောင်**

ဒီရေတောများသည်

- ကာဗွန်ကို ထိန်းသိမ်းထားပေးပြီး ရာသီဥတု မျှတအောင် လုပ်ဆောင်ပေးသည်။
- ရာသီဥတု ဆိုးရွားခြင်းအန္တရာယ်မှ အကာအကွယ်ပေးသည်။
- လူမှုအဖွဲ့အစည်းများအား အစားအစာ၊ လောင်စာ၊ သစ်နှင့်ဆေးဝါးများ ထောက်ပံ့ပေးသည်။
- ကမ်းရိုးတန်းကို ကာကွယ်ပေးပြီး ရေရှည်တည်တံ့စေသည်။
- ဒေသအတွင်း ရေအရည်အသွေးကို ထိန်းသိမ်းပေးပြီး ပိုမိုကောင်းမွန်စေသည်။
- ကမ်းရိုးတန်းဒေသ ရေလွှမ်းမိုးမှုကို ကာကွယ်ပေးပြီး ရေတိုက်စားမှု အန္တရာယ်မှလည်း ကာကွယ်ပေးသည်။
- သက်ရှိများအတွက် ဂေဟစနစ်များကို ဖန်တီးပေးသည်။
- ဇီဝမျိုးစုံမျိုးကွဲများ၏ ရှင်သန်နေထိုင်ရာနေရာတစ်ခုဖြစ်သည်။
- ဒေသခံ လူမှုအဖွဲ့အစည်းများအား ဝင်ငွေအထောက်အပံ့ ဖြစ်စေသည်။

ဒီရေတောများကို ထိန်းသိမ်းခြင်းသည် ရေရှည်တည်တံ့သော ဂေဟစနစ်ကို ဖော်ဆောင်ရာတွင် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဒီရေတောနှင့် လိုက်လျောညီထွေရှိသော ငါး ပုစွန် မွေးမြူစိုက်ပျိုးခြင်းသည် ဒီရေတောပြုန်းတီးမှုကို ရှောင်ရှားရန်နှင့် ဒီရေတောသယံဇာတများကို အကျိုးရှိစွာ အသုံးချခြင်းဖြစ်သည့် ထိရောက်သောနည်းလမ်းများထဲမှ တစ်ခုဖြစ်သည်။ ဒီရေတောနှင့် လိုက်လျောညီထွေမှုရှိသော ငါး ပုစွန် မွေးမြူစိုက်ပျိုးခြင်းသည် ရှိရင်းစွဲ ဒီရေတောများကို ထိန်းသိမ်းရင်း ဂေဟစနစ်နှင့် ဒေသခံ အသက်မွေးဝမ်းကျောင်းနှစ်ခုလုံးကို မြှင့်တင်ရန် အလားအလာရှိသော ချဉ်းကပ်မှုတစ်ရပ်ပင်ဖြစ်သည်။

ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ရှိ ဒီရေတောနှင့် လိုက်လျောညီထွေမှုရှိသော စိုက်ပျိုးမွေးမြူခြင်း လုပ်ဆောင်နိုင်သည့် အလားအလာရှိသော ဧရိယာဟက်တာ ၁၃၀၀၀၀ ကျော်သည် ရေရှည်တည်တံ့သော၊ ဒီရေတောနှင့် လိုက်လျောညီထွေမှုရှိသော ရွံ့ကဏန်းမွေးမြူခြင်းကို လုပ်ဆောင်ရန် နေရာကောင်းပင်ဖြစ်သည်။ ရွံ့ကဏန်း မွေးမြူခြင်းအတွက် သေးငယ်ပြီး တိမ်သောရေကန်များသာ လိုအပ်ပါသည်။ ကဏန်းကန်များအတွင်း ဒီရေတောအပင်များကို ကောင်းမွန်စွာ ရှင်သန်ကြီးထွားစေခြင်းဖြင့် ကဏန်းများ၏ကျန်းမာရေးနှင့် ထုတ်လုပ်မှုစွမ်းအားကို တိုက်ရိုက် အထောက်အကူဖြစ်စေပြီး ကဏန်းများ၏ ဖွံ့ဖြိုးမှုအတွက် အရေးပါသော အဏုဇီဝများကို ဖန်တီးထုတ်လုပ်ပေးပါသည်။ ထို့အပြင် ကြီးထွားလာနေသော ဒီရေတောအပင်များနှင့် ငါးပုစွန်များ ပေါင်းစပ်ခြင်းဖြင့် ငါးပုစွန်လုပ်ငန်းမှ ရေရှည်စီးပွားရေး အကျိုးကျေးဇူးများကို ပေးစွမ်းနိုင်ပြီး ခန့်မှန်းခြေအားဖြင့် ၄၀ ရာခိုင်နှုန်းအထိ တိုးမြှင့်မှုကို ရရှိနိုင်သည်။ ဒီရေတောနှင့် လိုက်လျောညီထွေမှုရှိသော စိုက်ပျိုးမွေးမြူခြင်းသည် စီးပွားရေး အကျိုးရလဒ်ကောင်းများသာမက ကာဗွန်ထုတ်လုပ်မှုကို လာမည့်အနှစ် ၂၀ အတွင်းတွင် ကာဗွန်ဒိုင်အောက်ဆိုက် မက်ထရစ်တန်ချိန် ၃၃၄၀၄၁၆ အထိ စုပ်ယူနိုင်သည့်အတွက် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို တစ်ဖက်တစ်လမ်းမှ အကာအကွယ်ပေးနိုင်သည်။

အချုပ်အားဖြင့်ဆိုရသော် ရေရှည်တည်တံ့သော ငါးပုစွန်မွေးမြူခြင်း အလေ့အကျင့်များနှင့် ဒီရေတော ဂေဟစနစ်များ ထိန်းသိမ်းရေးတို့အကြား ဟန်ချက်ညီညီ လုပ်ဆောင်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူထုအတွက် အပြုသဘောဆောင်သော ရလဒ်များကို ရရှိနိုင်မည်ဖြစ်သည်။ ရပ်ရွာများအကြား ဒီရေတောဂေဟစနစ်၏ အရေးပါပုံကို အသိပညာပေးခြင်းနှင့် သက်ဆိုင်ရာဒေသများရှိ ဒီရေတောများကို စောင့်ကြည့်ခြင်းဖြင့် ဒီရေတောများ ပြန်လည်ထူထောင်ခြင်းကို မြှင့်တင်နိုင်ပြီး ဒီရေတောများရေရှည် တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ ။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဘားအံမြို့၌ စာအုပ်စာစောင်လှူဒါန်းပွဲနှင့် အခြေခံအင်္ဂလိပ်စာသင်တန်းဆင်းပွဲ ကျင်းပ

**ဘားအံ မေ ၇**

ကရင်ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ ကြီးမှူး၍ ထူးဂုဏ်စံပြကျေးရွာ ထူးမြတ်သစ္စာစာကြည့်တိုက်တွင် စာအုပ်စာစောင်လှူဒါန်းပွဲနှင့် အခြေခံအင်္ဂလိပ်စာ (Grammar)သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးသောင်းထွန်းက စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဘားအံခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးအေးက ကျေးရွာ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေး နည်းလမ်းများနှင့် လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးရေး အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ ထူးမြတ်သစ္စာ စာကြည့်တိုက်အတွက် ကရင်ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့် အလှူရှင်များ လှူဒါန်းသော သုတ/ရသ စာအုပ်စာစောင် အုပ် ၁၀၀ အား ကရင်ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌက ပေးအပ်လှူဒါန်းရာ ထူးမြတ်သစ္စာ စာကြည့်တိုက် တည်ထောင်သူ ဦးစောတင်မောင်စိန် (မြတ်နိုးအိမ်ဓွဲကပင်)က လက်ခံရယူခဲ့ပြီး အခြေခံအင်္ဂလိပ်စာသင်တန်းတွင် ဆုရရှိသူများနှင့် အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ပေါက်မြို့နယ် ဒေါင်းသာကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့များက ဒရုန်းဖြင့်ဗုံးကြဲခြင်းကြောင့် ပြည်သူများထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၇**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ဒေါင်းသာကျေးရွာမှ ဒေသခံပြည်သူများ ကြက်သွန်သိမ်းနေစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် ဗုံးကြဲခဲ့ခြင်းကြောင့် ပြည်သူ ကိုးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ် မေ ၆ ရက်က ဖြစ်ပွားခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေမည့် သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေနေသည် ကို တွေ့ရှိရသည်။



တရားမဝင် ပြည်ဖျက်မီဒီယာများက ဖြစ်စဉ်ဖြစ်ရပ်များကို အခြေခံသည့် သတင်းတု၊ သတင်းအမှားများဖြင့် ပြည်သူများ ထင်ယောင်ထင်မှား ဖြစ်လာပြီး ကြောက်ရွံ့ထိတ်လန့်လာစေရန်၊ လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် အထင်အမြင် လွဲမှားစေရန်အတွက် လူမှုကွန်ရက် စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေလျက်ရှိသည်။ ယခုဖြစ်စဉ်သည်လည်း မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ဒေါင်းသာကျေးရွာအနီးတွင် နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များကို ပြည်သူများ အထင်အမြင် လွဲမှားစေရန် မဟုတ်မမှန် စွပ်စွဲရေးသားထားခြင်းသာဖြစ်ကြောင်း လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်လျက်ရှိပြီး နယ်မြေလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကိုလည်း ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသူများက ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများဖြင့် လုပ်ကြံရေးသားနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန်လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

**လမ်းမီးများကို နေ့အလင်းရောင်ရှိသောအချိန်များ၌ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မေ ၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “Khin La Min” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် တပ်ကုန်းမြို့နယ် ဘုရင့်နောင်ရပ်ကွက်နေ မခင်လမင်း(ခ)ငွေလမင်းအား နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် တပ်ကုန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်း ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း စတုတ္ထအကြိမ် နှစ်ပတ်လည်စုံညီအစည်းအဝေးနှင့် ကြားဖြတ်ရွေးကောက်ပွဲကျင်းပ

**နေပြည်တော် မေ ၇**

မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MR-PDA) ၏ စတုတ္ထအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးနှင့် ကြားဖြတ်ရွေးကောက်ပွဲကို ယနေ့နံနက်က တုံဂပူရိဟိုတယ် နေပြည်တော်၌ ကျင်းပရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ နေပြည်တော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ဇေယျနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အိမ်ခြံမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (ဗဟို) နာယက ဦးတင်မောင်၊ ယာယီဥက္ကဋ္ဌ ဦးနန္ဒကျော်၊ အသင်းသား၊ အသင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၆၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် နေပြည်တော်ကို နိုင်ငံတကာအဆင့်မီ တည်ဆောက်ခဲ့ခြင်း ဖြစ်သည့်အတွက် နေပြည်တော်၏ မြို့တော်အဆင့်သည် အာဆီယံမှ ပေးသောဆုများစွာရရှိခဲ့ပြီး ဖြစ်ကြောင်း၊ ယခုလို နေပြည်တော်ကို သာယာလှပ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ထားရာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တိုင်းရင်းသားပြည်သူများ အခြေချစုစည်းနေထိုင်ကြကြောင်း၊ နိုင်ငံ့အကျိုးပြုကုန်ထုတ်လုပ်ငန်းများ၊ MSME စက်မှုလုပ်ငန်းများ အခြေချတိုးချဲ့လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများရှိကြောင်း။

ထို့ကြောင့် နေပြည်တော်သည် အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်ရေး အလားအလာကောင်းများ များစွာရှိကြောင်း၊ မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်းသည် သက်တမ်း ခုနစ်နှစ် ပြည့်မြောက်ခဲ့ပြီးဖြစ်ကာ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှ အသင်းဝင်ဦးရေ တစ်သောင်းကျော်ရှိသည့်အနက် နေပြည်တော်တွင် အသင်းဝင်



မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MRPDA) ၏ စတုတ္ထအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးနှင့် ကြားဖြတ်ရွေးကောက်ပွဲအခမ်းအနားတွင် တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်စဉ်။

၁၂၀၀ ကျော်ရှိပြီး တိုင်းရင်းသားပြည်သူများကို အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်သည့် အသင်းဖြစ်သည့်အတွက် များစွာကျေနပ်အားရမှုရှိကြောင်း၊ မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းသည် နိုင်ငံတော်၏ တည်ဆဲဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ စည်းမျဉ်းစည်းကမ်းများ လိုက်နာပြီး အိမ်ခြံမြေ လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်ကို အကျိုးပြုနိုင်သည့် လုပ်ငန်းရပ်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် အခွန်ငွေများ ပြည့်ပြည့်ဝဝ ပေးဆောင်နိုင်သည့် အခြေအနေများရှိသလို တစ်ဖက်တွင်လည်း အိမ်ခြံမြေလုပ်ငန်းသည် လူနေအိမ်အဆင့်သာမဟုတ်ဘဲ အခြားသော ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါသည့်အတွက် အားပေးလျက်ရှိကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ နေပြည်တော် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း(ဗဟို) နာယကတို့က အမှာစကားများ ပြောကြားကြပြီး အသင်းယာယီဥက္ကဋ္ဌက အသင်းသားစုံညီကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းပြသည်။ ဆက်လက်၍ အသင်းရေးရာ ဆောင်ရွက်ချက်များ၊ အသင်း၏ ဘဏ္ဍာရေးအစီရင်ခံစာများ၊ အသင်းသို့ ကမ္ဘောဒီးယားနိုင်ငံ Bigsoft Technology မှ နည်းပညာပိုင်းဆိုင်ရာများ မျှဝေခြင်းနှင့် ကလောမြို့နယ်မှ Myat Villa အိမ်ရာစီမံကိန်းအကြောင်းအရာများကို သက်ဆိုင်ရာ တာဝန်ရှိသူများက တင်ပြကြသည်။ ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ကြားဖြတ်ရွေးချယ်တင်မြှောက်ပွဲကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပကြောင်း သိရသည်။

**ဝေမင်းအောင်(MMAL)**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၄ ရက်တွင် နေပြည်တော်ကောင်စီ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင် လယ်ဝေးမြို့နယ်၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၀၅၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၁၁၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်အတွင်း၌ လိုင်စင်မဲ့ KENBO 125 မော်တော်ဆိုင်ကယ်တစ်စီးနှင့် TARYAN 125 မော်တော်ဆိုင်ကယ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၄ ရက်တွင် ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် REPOL Polypropylene Homo-polymer အိတ် ၁၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မေ ၅ ရက်တွင် ပဲခူးမြို့ ရုံးကြီးရပ်ကွက် နာရီစင်အနီး၌ သထုံမြို့မှ ပဲခူးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပုစွန်နှစ်ကောင်စားအုန်းဆီ ငါးလီတာပါဘူး ၇၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ညောင်ခါးရှည်X-Ray စက်စစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ မိတ္ထီလာမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကားတာယာအဟောင်း အလုံး ၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် မြန်မာနိုင်ငံထုတ် Pyay Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၉၈၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် TS Spanner ၂၅၀၈ ကီလိုဂရမ်၊ JFRESH LED မီးသီးလုံး ၁၆၀၀ အပါအဝင် ကုန်ပစ္စည်းရှစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၈၄၆၈၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Van တစ်စီး၊ Mitsubishi Fuso Truck တစ်စီးနှင့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့၌ လိုင်စင်မဲ့ Honda Insight မော်တော်ယာဉ်တစ်စီးနှင့် Toyota Mark II မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၈၄၆၈၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

